# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်    ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၅]


**အေးစေ မြဲစေ မေတ္တာရေ**

- ❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ သီရိလင်္ကာ၊ ပြင်သစ်နှင့် ဆိုက်ပရပ်စ် နိုင်ငံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၃

# ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့်တပ်မတော်တို့ပူးပေါင်း၍ မော်ချီးဒေသရှိ ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်



မော်ချီးဒေသရှိ ဘေးသင့်ပြည်သူများအား တပ်မတော်သားများက ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးနေသည်ကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၉) (ဓာတ်ပုံ-မြဝတီ)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မုတ်သုံဆုတ်ချိန် ပဲစိုက်ချိန်

မြန်မာနိုင်ငံတွင် မုတ်သုံမိုးရွာသွန်းမှုသည် ပြီးခဲ့သည့် စက်တင်ဘာလကုန်ပိုင်းမှစ၍ ဆုတ်ခွာသွားပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရာသီအလျောက်ရွာသွန်းတတ်သောမိုးများ ရွာသွန်းမှုမှာ ဆုတ်ယုတ်သွားပြီဖြစ်သည်။ ယခုရွာသွန်းနေသောမိုးသည် သဘာဝလေအေးစီးကြောင်းများဖြစ်ပေါ်မှုအရ ရွာသွန်းနေခြင်းဖြစ်ကြောင်း ပညာရှင်များက ဆိုပါသည်။ မိုးကြွင်းမိုးကျန်များ တဖွဲဖွဲတသဲသဲ ရွာသွန်းလျက်ရှိပါသည်။ ပဲစိုက်မိုးများ ရွာသွန်းပေးနေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှတောင်သူဦးကြီးတို့အနေဖြင့် မိုးအကုန်ဆောင်းအကူးကာလများတွင် ပဲအမျိုးမျိုးကို ဆောင်းသီးနှံများအဖြစ် အဓိကထား၍စိုက်ပျိုးကြလေ့ရှိပါသည်။ ထို့အပြင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာနှင့် ဆောင်းမြေပဲ၊ ဆောင်းကြက်သွန်တို့ကိုလည်း နေရာဒေသအလိုက် သီးနှံဖြစ်ထွန်းမှုအပေါ်မူတည်၍ စိုက်ပျိုးကြပါသေးသည်။ ဤကဲ့သို့မုတ်သုံရာသီကုန်ဆုံးချိန် ဆောင်းသီးနှံများကို အင်တိုက်အားတိုက် စိုက်ပျိုးကြရန် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ပြီးခဲ့သည့် ဧရာဝတီတိုင်းခရီးစဉ်အတွင်း ဒေသခံတာဝန်ရှိသူများအား တိုက်တွန်းပြောကြားခဲ့သည်ကို သတိပြုမိပါသည်။ ဤကဲ့သို့ တခုတ်တရတိုက်တွန်းနေခြင်းမှာလည်း အကြောင်းရှိပါသည်။ ပြီးခဲ့သည့် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း အဆက်မပြတ်ရွာသွန်းသောမိုးများကြောင့် နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုများ ဖြစ်ပွားကာ စိုက်ပျိုးလယ်ယာမြေများ ဆုံးရှုံးပျက်စီးခဲ့ရပါသည်။ ထိုအခြေအနေကို ကုစားနိုင်ရန်အတွက် နိုင်ငံတစ်ဝန်း ဆောင်းသီးနှံများကို အင်ပြည့်အားပြည့် စိုက်ပျိုးသွားနိုင်ရန် အထူးလိုအပ်မည်ဖြစ်ပါသည်။

သို့ရာတွင် ရေဘေးဒဏ်ခံဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်ဖြစ်၍ ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် အဟန့်အတားဖြစ်လာနိုင်ပါသည်။ သို့သော်လည်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ယင်းဆောင်းသီးနှံစိုက်ပျိုးရေးကိုပါ တစ်ပါတည်း ပူးတွဲလုပ်ဆောင်သွားရမည့်အနေအထားဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် ကုန်ထုတ်စွမ်းအားများ မကျဆင်းအောင် အထူးသတိပြုရမည့်အချက်လည်းဖြစ်ပါသည်။

ဤနေရာတွင် ပူးပေါင်းဆောင်ရွက်ရေးသည် ပဓာန အကျဆုံးအချက်ဖြစ်ပါသည်။ ယခုအချိန်တွင် တောင်သူတစ်ဦးတည်းနှင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ပေ။ အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ ရေဘေးသင့်၍ပျက်စီးနေသော လယ်ယာမြေများ၊ စိုက်ပျိုးရန် မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ လုပ်အားခများပံ့ပိုးဖြည့်ဆည်းပေးရန်လိုအပ်ပါသည်။ အထူးသဖြင့် လိုအပ်ပါက စက်ယန္တရားများဖြင့် မြေယာပြုပြင်ရှင်းလင်းရေးကို ဆောင်ရွက်ပေးသင့်ပါသည်။ သို့မှသာ ဆောင်းသီးနှံစိုက်ပျိုးရေးသည် ထိထိရောက်ရောက်ရှိမည်ဖြစ်ပါသည်။

ယခုနှစ်သည် အထက်အညာဒေသများ မိုးကောင်း၍ ပဲစင်းငုံကဲ့သို့ ပဲများ အထွက်ကောင်းနိုင်ပါသည်။ သို့အတွက် ထွက်ရှိလာသော သီးနှံများစနစ်တကျ သိုလှောင်ကြိတ်ခွဲတင်ပို့ရောင်းချနိုင်ရန် လုံလောက်သော ကုန်လှောင်ရုံများ အသင့်ထားရှိရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဝယ်လက်များ၏ ဈေးနှိမ်ဝယ်ယူမှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဆောင်းသီးနှံစိုက်ပျိုးမှု အထူးအောင်မြင်မှုရရှိအောင် အင်အားစိုက်ထုတ်၍ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့်ပူးပေါင်း၍ ဖွံ့ဖြိုးမှုအကူအညီများ ဆက်လက်ပေးအပ်သွားမည်



**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်သည် ကုလသမဂ္ဂ UNDP ရုံးမှ Country Director ဖြစ်သူ Mr. Toliy Kurbanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဥပဒေအရာရှိများကို ဥပဒေပညာ တိုးပွားစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်နေမှု၊ ဥပဒေအသိပညာနှင့် တရားစွဲအမှုလိုက် ပညာနယ်ပယ် ပိုမိုကျယ်ပြန့်အောင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ဥပဒေရေးရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R.Seger ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေပြုရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ Convention များ အတည်ပြုရေးတွင် ပါဝင်ဆောင်ရွက်မှုများကို ဆွေးနွေးပြီး ဆွစ်ဇာလန်နိုင်ငံ အနေဖြင့်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးလိုပါကြောင်း ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**




**ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်း မြို့နယ်ပန်း ပုကွင်းကျေးရွာ နဂါးရစ် တောင်မွေ့ပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင်အလှူ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်း ရေးမှူး(၁) ဒေါက်တာ သန်းဝင်းက လက်ခံယူစဉ်။**
(မြန်မာ့အလင်း)

## အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ အောက်တိုဘာ ၁၂ ရက်က လုပ်ငန်းခွင်ဝင်ရောက်ရေးသာမက လုပ်ငန်းခွင်အတွင်း ရှိနေပြီးသူများ အသက်မွေးဝမ်းကျောင်း ခိုင်မာမှုရှိစေရန် ရည်ရွယ်၍ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နေပြည်တော်တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်မိုးနှင့်တာဝန်ရှိသူများ၊ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး ၄င်းသင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်(၂)ခရိုင်မှ မြို့နယ်ရှစ်မြို့နယ်ရှိ လူတန်းစားအလွှာအသီးသီးအတွက် မွေးမြူရေးနည်းပညာ စားကျက်ဖွံ့ဖြိုးရေးပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ စာတွေ့၊ လက်တွေ့ နှစ်ပတ် သင်တန်းများကို တစ်ပြိုင်နက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် World Vision Myanmar (Yangon) တို့ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက်က ရှမ်းပြည်နယ် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တာဝန်ရှိသူတို့က ကလေးသူငယ်များအား စီးပွားရေးအရ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အင်ဒိုနီးရှားရေပိုင်နက်တွင် လုပ်အားခေါင်းပုံဖြတ်ခြင်းခံရသည့် မြန်မာလုပ်သားများအကြောင်း သိကောင်းစရာများကို ရှင်းလင်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုဖြစ်ပွားမှုဖြစ်စဉ်များနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ခံခဲ့ရသောကလေးများဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်ဆောင်ရွက်

**ခမောက်ကြီး အောက်တိုဘာ ၁၄**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်အတွင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ဆောင်ရွက်နေသော Township Advocacy Meeting(ARC) American Refugee Committes Intrenational အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲ၌ ဖွံ့ဖြိုးဆဲအာရှနိုင်ငံအများစုတွင် ငှက်ဖျားရောဂါသည် ကြီးမားသည့် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွင်း တစ်ရက်လျှင် ငှက်ဖျားဖြစ်ပွားသူ ၁၇၀၀ နှင့် သေဆုံးသူ သုံးဦးခန့်ရှိရာ အဆိုပါရောဂါဖြင့် သေဆုံးမှုကို လျှော့ချနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းများပူးပေါင်း၍ ဒေသနေပြည်သူများ ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာရေး၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ သီရိလင်္ကာ၊ ပြင်သစ်နှင့် ဆိုက်ပရပ်စ်နိုင်ငံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော်　　အောက်တိုဘာ　　၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး မစ္စတာ ကေဒဗလျူ အင်န်ဒီ ကရူနာရတ်နေသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချက်သည် ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး မစ္စတာ ဒီမက်ထရီ အို့စ် အေသီအိုဖီလက်တို **(အောက်ပုံ)**သည် ယနေ့နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြား ရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကေဒဗလျူ အင်န်ဒီ ကရူနာရတ်နေအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချက်နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

## သံအမတ်ကြီး ဦးမျိုးအေးအား ဆားဗီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ပိုလန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ပိုလန် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

## နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ် ဦးလွင်ဦးအား ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးလွင်ဦးအား နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးသာအောင်ညွန့်အား ဂါနာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိက သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ် ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဂါနာ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

## စီးတီးမတ်ဟိုးလ်ဒင်းလီမိတက်၏ လုပ်ငန်းများချဲ့ထွင်နိုင်ရန် IFC က အမေရိကန်ဒေါ်လာ ၂၅ သန်း ရင်းနှီးမြှုပ်နှံမည်

**ဘာသာပြန် စိန်ရင်**

မြန်မာနိုင်ငံရှိ စီးတီးမတ်ဟိုးလ်ဒင်းလီမိတက်၏ လုပ်ငန်းများတိုးတက် လာစေရန် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း(IFC) က ငွေကြေး အမေရိကန်ဒေါ်လာ ၂၅ သန်း ရင်းနှီးမြှုပ်နှံမည်ဟု သိရသည်။

၄င်းပရောဂျက်၌ မြန်မာနိုင်ငံအနှံ့အပြားတွင် စူပါမားကတ်နှင့် ဟိုက်ပါမားကတ်များ ဆောက်လုပ်ခြင်းလုပ်ငန်းပါဝင်သည်။ စူပါမားကတ် နှင့် ဟိုက်ပါမားကတ်များ ဆောက်လုပ်ခြင်းလုပ်ငန်းအား ရန်ကုန်၊ မော်လမြိုင်၊ မုံရွာနှင့် ပဲခူးတို့တွင် ဆောင်ရွက်သွားမည်ဟု စီးတီးမတ် ဟိုးလ်ဒင်းလီမိတက်၏ ပရောဂျက်ဒါရိုက်တာ မစ္စတာ ရော်နယ်လ်လီက ပြောကြားသည်။

၄င်း၏ပြောကြားချက်အရ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တစ်နှစ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း၊ IFC ၏ ချေးငွေအပြင် စီးတီးမတ် ဟိုးလ်ဒင်းလီမိတက်ပိုင် ငွေကြေးများနှင့်ပါ လုပ်ငန်းချဲ့ထွင်နိုင်ရန် ဆောင် ရွက်မည်ဖြစ်ကြောင်း သိရသည်။ မိမိတို့အနေဖြင့် IFC ၏ အစားအစာ ဘေးကင်းရေးအကြံပြုချက်များနှင့် စီးတီးမတ်ဟိုးလ်ဒင်းလီမိတက်၏ လုပ်ငန်းများ တိုးတက်လာစေရန် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ ကို လုပ်ဆောင်မည်ဟု မစ္စတာလီက ပြောကြားသည်။

**Dealstreetasia.com**

# မလေးရှားခရီးသည်လေယာဉ် MH-17 ရုရှားလုပ်ဒုံးကျည်ထိမှန်ခဲ့ဟု နယ်သာလန်ပြော

**အမ်စတာဒမ် အောက်တိုဘာ ၁၄**

၂၀၁၄ ခုနှစ် ဇူလိုင်လက ယူကရိန်းအရှေ့ပိုင်း၌ ပစ်ချခံရသည့် မလေးရှားလေကြောင်းပိုင် MH-17 လေယာဉ်သည်မှာ ရုရှားလုပ်ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဒတ်ချ်တာဝန်ရှိသူများက ဆိုသည်။ အဆိုပါ ခရီးသည်တင်လေယာဉ်သည် ခရီးသည် ၂၉၈ဦး သေဆုံးခဲ့ရာ အများစုမှာ ဒတ်ချ်လူမျိုးများဖြစ်သည်ဟုဆိုသည်။

သို့သော်လည်း အဆိုပါ လေယာဉ်ကို မည်သည့်အဖွဲ့အစည်းက ပစ်ချခဲ့သည်ကို ကာလရှည်ကြာခဲ့ပြီဖြစ်သော်လည်း စုံစမ်း၍ မရနိုင်ဘဲရှိသည်။ အနောက်နိုင်ငံ အစိုးရနှင့် ကျွမ်းကျင်သူများက ယူကရိန်းအရှေ့ပိုင်း တိုက်ခိုက်ရေးသမားများကို အပြစ်ပြောဆိုလျက်ရှိသည်။

အဆိုပါ ဒုံးကျည်ထိပ်ဖူး 9N314M သည် ခရီးသည်လေယာဉ်၏အပြင်ဘက်ကို ထိမှန်ပေါက်ကွဲခဲ့ကြောင်း၊ မြေပြင်မှ ထောင်ပစ်နိုင်သည့် အဆိုပါဒုံးကျည်စနစ်ကို ကောင်းစွာအသုံးပြုထားသည်ကိုတွေ့ရကြောင်း စစ်ဆေးရေးဘုတ်အဖွဲ့အကြီးအကဲ ဂျစ်ဘီဂျိုစတာက ပြောသည်။

(ရိုက်တာ)



# အလက်ပိုမြို့ကို မြေပြင်ထိုးစစ်ကြီးများ ဆီးရီးယားနှင့်အီရန်ပူးပေါင်းဆင်နွှဲရန်စီစဉ်နေ



**အလက်ပို အောက်တိုဘာ ၁၄**

ဆီးရီးယား၏ မဟာမိတ်များဖြစ်သည့် အီရန်နှင့်ဟစ်ဇ်ဘိုလာတို့သည် ရုရှားလေကြောင်းပစ်ကူပေးမှုနှင့်အတူ အလက်ပိုရှိအကြမ်းဖက်သမားများကို မြေပြင်ထိုးစစ်ဆင်နွှဲရန် ပြင်ဆင်နေကြောင်း ထိပ်တန်းတာဝန်ရှိသူများက ရိုက်တာသို့အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

တူရကီနယ်စပ်အနီး အလက်ပိုမြို့နှင့် ပြည်နယ်ကို ဆီးရီးယားအစိုးရ၊ အာဆတ်ကို ဆန့်ကျင်တိုက်ခိုက်နေသော အကြမ်းဖက်အုပ်စုများနှင့် ယင်းမြို့အနီး ကျေးရွာများကိုထိန်းချုပ်ထားသော အိုင်အက်စ်စစ်သွေးကြွများက နယ်မြေခွဲဝေယူထားကြသည်။

အဆိုပါဒေသကို ကြီးမားသော တိုက်ပွဲကြီးများ ထိုးစစ်ဆင်တိုက်ခိုက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ယင်းအစီအစဉ်နှင့် နီးစပ်သည့်တာဝန်ရှိသူတစ်ဦးက ပြောသည်။

လွန်ခဲ့သောရက်များက အဆိုပါဒေသသို့ ဆီးရီးယားတပ်များ၊ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများနှင့် ထောင်ပေါင်းများစွာသော အီရန်တပ်ဖွဲ့ဝင်များရောက်ရှိနေကြောင်း ၄င်းတာဝန်ရှိသူက ပြောကြားသည်။

မကြာမီမြေပြင်ထိုးစစ်တိုက်ပွဲကြီးများ ဆင်နွှဲရန် ပြင်ဆင်နေပြီ ဖြစ်ကြောင်း ၄င်းတာဝန်ရှိသူက ဆက်လက်ပြောကြား သည်။

(ရိုက်တာ)

## ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် အန်ကာရာရဲချုပ်ကို ရာထူးမှဖယ်ရှား

**အန်ကာရာ အောက်တိုဘာ ၁၄**

စနေနေ့က လူပေါင်း ၉၇ ဦး သေဆုံးခဲ့သည့် အန်ကာရာဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အန်ကာရာရဲ၊ ထောက်လှမ်းရေးနှင့် ရဲတပ်ဖွဲ့အကြီးအကဲတို့ကို ရာထူးမှဖယ်ရှားလိုက်ပြီ ဖြစ်ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ယင်းတို့ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ရာထူးပြန်ပေးလိမ့်မည် မဟုတ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

(ရိုက်တာ)

.........................................

## ဆီးရီးယားအတိုက်အခံများကို စစ်လက်နက်များပံ့ပိုးပေးမှု ရုရှားက ကန့်ကွက်

**မော်စကို အောက်တိုဘာ ၁၄**

ဆီးရီးယားနိုင်ငံရှိ အတိုက်အခံအုပ်စုများကို စစ်လက်နက်များ ပံ့ပိုးပေးမှုနှင့် ပတ်သက်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်ကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ ထို့အပြင် ရုရှားက အမေရိကန်တို့ထောက်ပံ့ပေးသော စစ်လက်နက်များ အိုင်အက်စ် စစ်သွေးကြွများလက်ထဲသို့ ကျရောက်နိုင်ကြောင်း စိုးရိမ်မကင်း ဝေဖန်ရှုတ်ချခဲ့သည်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းမဟာမိတ်အဖွဲ့သည် စစ်သွေးကြွများကို တိုက်ခိုက်နေသော အစိုးရဆန့်ကျင်တပ်ဖွဲ့များကို စစ်လက်နက်များ လေကြောင်းမှ ချပေးခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့များကို ဦးတည်၍ ဆီးရီးယား၌ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံပေါ် ကျင့်သုံးနေသော အမေရိကန်နည်းဗျူဟာကို လွှမ်းမိုးသွားနိုင်မည်ဟု ရုရှားသမ္မတ ပူတင်က ယုံကြည်နေသည်။

(အင်န်အိတ်ချ်ကေ)

# ဥပဒေကခွင့်ပြုနေသမျှ အမေရိကန်သင်္ဘောများ တားဆီးပိတ်ပင်ခြင်းမရှိဘဲ လွတ်လပ်စွာသွားလာနေမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ပြောကြား

ဝါရှင်တန် အောက်တိုဘာ ၁၄

**တောင်တရုတ်ပင်လယ်တွင် တရုတ်တို့၏ ပိုင်နက်အငြင်းပွားမှုများရှိနေသော်လည်း နိုင်ငံတကာဥပဒေက ခွင့်ပြုနေသမျှကာလပတ်လုံး အမေရိကန်သင်္ဘောများမှာ တားဆီးပိတ်ပင်ခြင်းမရှိဘဲ လွတ်လပ်စွာခုတ်မောင်းသွားလာနေမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ပြောခဲ့သည်။**



အောက်တိုဘာ ၁၃ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဩစတြေးလျကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးများ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ကာတာက ထိုသို့မှတ်ချက်ချပြောဆိုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာဥပဒေက ခွင့်ပြုနေသမျှ ကာလပတ်လုံး အမေရိကန်လေယာဉ်နှင့် ရေယာဉ်များ အတားအဆီးမရှိ ပျံသန်း၊ ခုတ်မောင်းနေမည်ဖြစ်ကြောင်း၊ တောင်တရုတ်ပင်လယ်သည် ခြွင်းချက်တစ်ခုမဟုတ်ကြောင်း ၄င်းက ဆက်လက်ပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ် စပရက်တလေကျွန်းတစ်ဝိုက် တရုတ်က တည်ဆောက်ခဲ့သော ကျွန်းများအနီး ရေမိုင် ၁၂ မိုင်ထဲသို့ သင်္ဘောများ စေလွှတ်ရန် အမေရိကန်က ဆုံးဖြတ်ခဲ့ပြီးနောက် ထိုသို့ ကာကွယ်ရေးဝန်ကြီး ကာတာ၏ မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အငြင်းပွားကျွန်းသည် တရုတ်(တိုင်ပေ)၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့လည်း သက်ဆိုင်မှုရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အငြင်းပွားကျွန်း၌ လူလုပ်ကျွန်းများကို တည်ဆောက်နေကြောင်း သိရသည်။

အဆိုပါ လူလုပ်ကျွန်းများသည် ရေပိုင်နက်များ တည်ထောင်သတ်မှတ်ရာတွင် အဓိကကျသော ကိစ္စများမဟုတ်ကြောင်း အမေရိကန်အစိုးရက ပြောသည်။

အမေရိကန် ပစိဖိတ်စစ်ဌာနချုပ်ခေါင်းဆောင် ရေတပ်ဗိုလ်ချုပ်ကြီးက ရေတပ်သင်္ဘောစုကို အငြင်းပွားရေပိုင်နက်သို့ စေလွှတ်ရန်စီစဉ်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်သို့ ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်မီဒီယာများကလည်း အမေရိကန်အစိုးရသည် အငြင်းပွားကျွန်းရှိရာသို့ ရေတပ်သင်္ဘောများ စေလွှတ်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# နိုင်ငံသားများ၏ အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံသားများ၏ အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ရွေးကောက်ပွဲအကြို၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီး ကာလများတွင် တည်ငြိမ်အေးချမ်း အောင်မြင်စေရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# လွတ်လပ်မျှတသော ရွေးကောက်ပွဲများအဖြစ် ပွင့်လင်းမြင်သာစွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ် ဘီးယားနှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် လွတ်လပ်မျှတသော ရွေးကောက်ပွဲများအဖြစ် ပွင့်လင်းမြင်သာစွာဖြင့် ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ပြည်တွင်းပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေ၊ အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များကို ဖိတ်ကြားထားရှိမှုအခြေအနေ၊ လုံခြုံရေးအခြေအနေအရ မြို့နယ် ငါးမြို့နယ်နှင့် ကျန်မြို့နယ် မဲဆန္ဒနယ်အတွင်းရှိ ကျေးရွာအချို့တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းထားရှိမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဥပဒေ သတင်းအချက်အလက်စနစ် တည်ထောင်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) တို့အကြား မြန်မာနိုင်ငံ ဥပဒေ သတင်းအချက်အလက်စနစ် တည်ထောင်ရေးစီမံကိန်းနှင့် စပ်လျဉ်းသည့် Record of Discussion လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်ဖက်သဘောတူ စာချွန်လွှာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်လက်မှတ်ရေးထိုးခွင့်ရသည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ငါးနှစ်သက်တမ်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် KOICA တို့ ပထမဆုံးအကြိမ် လက်မှတ်ရေးထိုးခြင်းဖြစ်၍ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း၊ ယခု အခမ်းအနားတွင် တက်ရောက်နေသူအားလုံးသည် နောင်အနာဂတ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဆက်လက်ဦးဆောင် လက်ဆင့်ကမ်းသူများဖြစ်ကြောင်း၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ထပ်ဆင့်ပြသရာလည်း ရောက်ပါကြောင်း၊ Myanmar Law Information System အကောင်အထည်ဖော်ရေးအတွက် ကူညီပေးသူ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ KOICA မှ Vice President ဖြစ်သူ Mr. Choi Sung Ho က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံကိုယ်စား ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)တို့အကြား ယခုကဲ့သို့ RoD လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး စသောလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရမှ ဒီမိုကရေစီစနစ်နှင့်အညီ အဖက်ဖက်မှ ပြောင်းနေခြင်းများအပေါ် အားရပြီး ကူညီလို၍ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ e- Government System တည်ဆောက်ရာတွင် ကိုရီးယားအစိုးရမှ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်ထောက်ပံ့ပေးနိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် RoD လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ ကိုယ်စား (KOICA) မှ Chief Resident Representative ဖြစ်သူ Mr. Nam Kwon Hyoung နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းတို့က မြန်မာနိုင်ငံဥပဒေ သတင်းအချက်အလက်စနစ် တည်ထောင်ရေးစီမံကိန်းနှင့် စပ်လျဉ်းသည့် RoD စာချုပ်၏ သတ်မှတ်နေရာ အသီးသီးတွင် လက်မှတ်ရေးထိုးကြပြီးနောက် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား Myanmar Law Information System အတွက် RoD ဆွေးနွေးသဘောတူညီချက် မှတ်တမ်းများကို အပြန်အလှန်ပေးအပ်ကြသည်။

**(သတင်းစဉ်)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)က ဦးစီး၍ အောက်မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်များ တွေ့ဆုံပွဲ (အောက်မြန်မာနိုင်ငံ ညီလာခံ)ကို အောက်တိုဘာ ၁၇ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၄၅ လမ်းထောင့်ရှိ YMCA ခန်းမ စတုတ္ထထပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

**နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းက အမှာစကား ပြောကြားစဉ်။** (၃၄၉)



# ရွေးကောက်ပွဲအတွက် အထူးရဲများခန့်ထားမှု ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် လိုအပ်သောအစီအမံများ ဆောင်ရွက်ပေးမည့် အထူးရဲများခန့်ထား တာဝန်ပေးခြင်းကို သတင်းမီဒီယာများသိရှိနိုင်ရန် ရှင်းလင်းပွဲအား အောက်တိုဘာ ၁၃ ရက်က လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ လှိုင်မြို့နယ် ဒုအုပ်ချုပ်ရေးမှူး ဦးအောင်လင်း၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့မစခန်းမှူး ဦးကျော်ဇော၊ မြို့နယ်ဒုဦးစီး ဦးတေဇာကြည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဇော်လင်းက မြို့နယ်အတွင်းရှိ မဲရုံများတွင် အထူးရဲများ ခန့်အပ်ထားမှုအခြေအနေနှင့် ပွင့်လင်းမြင်သာတရားမျှတသော ရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက်ဆွေးနွေးမှုများပြုလုပ်ပြီး သတင်းမီဒီယာများကလည်း ပူးပေါင်းပါဝင်စေလိုကြောင်း ပြောကြားခဲ့သည်။ **ကျော်သူ**

# မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်း

**မိုးမောက် အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် မိုးမောက်မြို့တွင် ကျေးလက်နေပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်ရည်ရွယ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ ၁၅ ရွာ၊ ယူနစ် ၁၃ ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်းပေါင်း ၃၉၀၀ လွှဲပြောင်းပေးအပ်ခြင်းကို မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့် မြစိမ်းရောင်တာဝန်ခံအဖွဲ့ဝင်များက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စားသုံးသူများဘက်က ကူညီပေးနိုင်သောစားနပ်ရိက္ခာဖူလုံရေးသို့

ဒေါက်တာစန်းဝင်း
(သစ်တောတက္ကသိုလ်)

မကြာမီ ရက်ပိုင်းအတွင်းက ကျင်းပပြီးစီးခဲ့သော အကြိမ်(၇၀) မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက (၂၀၁၅-၂၀၃၀) ကာလအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (Sustainable Development Goals-SDG) ၁၇ ခု၏ အပိုဒ် ၂ တွင် "ငတ်မွတ်မှုကင်းစင်ပြီး အစားအစာဖူလုံစေလျက် အာဟာရ ပြည့်စားသောက်မှုများ တိုးမြင့်လာခြင်းနှင့် လယ်ယာ၊ သားငါး၊ သစ်တောများကောင်းမွန်နေပြီး အစားအစာများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်မှုရှိစေရေး" ဟု ပါဝင်ခဲ့ပါသည်။

စားနပ်ရိက္ခာ ဖူလုံရေးအတွက် ထုတ်လုပ်မှုအပိုင်း အရေးကြီးသကဲ့သို့ စားသုံးမှုအပိုင်းကလည်း အရေးကြီးပါသည်။ စားသုံးသူများကလည်း အစားအစာတစ်ခု ထုတ်လုပ်ရန်အတွက် ဘာတွေ ဘယ်လောက် လိုသည်ဆိုသည့်အကြောင်း သိမှသာ စဉ်းစားပြီး ချွေတာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုဆောင်းပါးတွင် အစားအစာများထုတ်လုပ်ရန် လိုအပ်သောအခြေခံအချက်များအနက် ရေလိုအပ်မှုကို ဆွေးနွေးလိုပါသည်။

မဆွေးနွေးမီ သိထားသင့်သော အချက်ကလေးတစ်ခုမှာ အစားအစာ၊ ရေနှင့်စွမ်းအင်တို့ သုံးခုသည် အစားအစာထုတ်လုပ်ရန်အတွက် နီးနီးကပ်ကပ်ဆက်စပ်နေကြောင်းပင်ဖြစ်သည်။ ရေနှင့်အစားအစာ ဆက်စပ်မှု ဥပမာတွင်ရေချို ၇၀ ရာခိုင်နှုန်းကို သီးနှံထုတ်လုပ်ရန် တစ်နည်းအားဖြင့် အစားအစာထုတ်လုပ်ရန်အတွက် အသုံးပြုနေပါသည်။ လောင်စာစွမ်းအင်နှင့် အစားအစာဆက်စပ်မှု ဥပမာတွင် လောင်စာစွမ်းအင်အသုံးပြုကာ သီးနှံထုတ်လုပ်ရန်အတွက် လယ်ယာများကို စက်ဖြင့်ထွန်ယက်ခြင်း သယ်ယူပို့ဆောင်ခြင်းများ လုပ်နေရသည်။ ရေနှင့်လောင်စာစွမ်းအင်ဆက်စပ်မှု ဥပမာတွင် ရေအားအသုံးပြုပြီး လျှပ်စစ်ထုတ်လုပ်မှုကို မြင်နိုင်သည်။

အစားအသောက်ဆိုရာဝယ် စားစရာနှင့်သောက်စရာနှစ်မျိုးလုံး ပါဝင်ပါသည်။ ယင်းနှစ်မျိုးလုံးထုတ်လုပ်ရန်အတွက် ရေချိုသည် အခြေခံပစ္စည်းဖြစ်သည်။ အစားအစာ ထုတ်လုပ်ရန်သာမဟုတ်၊ ရေအနေဖြင့်လည်း လူအပါအဝင် သက်ရှိတိုင်း အသက်ရှင်သန်ဖို့ သောက်ရပါသည်။ ရေအသက်တစ်မနက် ထမင်းအသက်ခုနစ်ရက်ဟု ပြောဆိုကြပါသည်။

ထို့ကြောင့် ရေနှင့်ပတ်သက်ပြီး အထက်ဖော်ပြပါ (Sustainable Development Goals) ၏အပိုဒ် ၆ တွင် "လူသားအားလုံးတစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေး၊ ရေရရှိရေးနှင့် စဉ်ဆက်မပြတ် ရေစီမံခန့်ခွဲလုပ်ကိုင်မှုသေချာစေရေး"ဟု ရည်မှန်းချက်တစ်ရပ်အနေဖြင့် ပါဝင်ခဲ့ပါသည်။

ဆန်နို့ဆီဘူးတစ်ဘူး ရရန်အတွက် ရေလိုအပ်မှုကို ကြည့်ကြပါစို့။ စပါးတစ်ဧက ထုတ်လုပ်ရန်အတွက် ရေချိုပမာဏ ငါးဧက ကုဗပေလိုပါသည်။ တစ်ဧကတွင် ကုဗပေ ၄၃၅၆၀ရှိပြီး ရေတစ်ကုဗပေမှာ ၆ ဒသမ ၂၃ ဂါလန်ဖြစ်၍ ရေချို ၂၇၁၃၇၉ ဂါလန် လိုပါသည်။ ငါးဧကကုဗပေဖြစ်ရာ စပါးတစ်ဧကအတွက် တစ်ရာသီမှာ ရေချို ၁၃၅၆၈၉၄ ဂါလန်လိုပါသည်။ တစ်ဧကကို စပါး ၁၀၀ ပျှမ်းမျှထွက်သည်ဟု ယူဆလျှင် စပါးတစ်တင်း ဆန်ခုနစ်ပြည်အတွက် ရေချိုဂါလန် ၁၃၅၆၉ ဂါလန် အသုံးပြုရမှာ ဖြစ်ပါသည်။ သို့ဖြစ်ရာ ဆန်နို့ဆီဘူးတစ်လုံးအတွက် ရေချို ၂၄၂ ဂါလန်ကုန်မှာ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၈၀ဟု ခန့်မှန်းလျှင်ပင် ဆန်နို့ဆီဘူးတစ်လုံး ရရှိရန် ရေချို ၃၀၃ ဂါလန် လိုပါလိမ့်မည်။

(ပေါ်ဆန်းမွှေး) ဆန်နို့ဆီဘူး တစ်ဘူးမှာ ဆန်စေ့ပေါင်း ၁၀၈၀၀ ဝန်းကျင်ရှိသဖြင့် အဆိုပါဆန်တစ်စေ့ရရန် ရေ ၀ ဒသမ ၁၃ လီတာ သုံးစွဲရကြောင်း တွေ့ရပေသည်။ ဆန်ကို ထမင်းချက်သောအခါ သုံးရသည့် ရေပမာဏကိုပါ ထည့်သွင်းတွက်ချက်ပါက ထမင်းရှစ်စေ့ရရန် ရေချိုတစ်လီတာနီးပါး (အရပ်အခေါ် ရေသန့်တစ်ဘူး) သုံးစွဲရကြောင်း တွေ့ရပါသည်။ ထမင်းတစ်ဇွန်း (ဇီးဘရားတံဆိပ်ဇွန်း) လျှင် ထမင်းလုံး ၂၂၀ ဝန်းကျင်ရှိသောကြောင့် ထမင်းတစ်ဇွန်းအတွက် ရေချို ၂၇ ဒသမ ၅ လီတာ ရေခြောက်ဂါလန်လိုပါသည်။ ဆိုပါစို့ ထမင်းတစ်ဇွန်းရဖို့ ရေခြောက်ဂါလန်ကုန်ပါသည်၊ သို့သော်လည်း အချို့က စားနိုင်ရုံ ထည့်စားသည်မဟုတ်၊ မကုန်နိုင်၊ မခန်းနိုင် ထည့်စားလေ့ရှိပြီးနောက် ကုန်စင်အောင်လည်းမစားကြသဖြင့် ထမင်းကျန်အလေအလွင့်များ ရှိနေသည်ကို နေ့စဉ်တွေ့နေရပါသည်၊ ယင်းမှာ ရေချိုကို နေ့စဉ်ဖြုန်းနေသလိုပင်ဖြစ်နေပါသည်။

ဒါတောင်မှ စပါးစိုက်ပျိုးထုတ်လုပ်ဖို့ လူ၊ ကျွဲ၊ နွား၊ စက်၊ မြေသြဇာ၊ သယ်ယူဖို့နဲ့ ကြိတ်ခွဲရန်အတွက်ကုန်ကျသည့် စက်သုံးဆီ အပါအဝင် အခြားကုန်ကျသည့် စွမ်းအင်ပမာဏနှင့် အဆိုပါစွမ်းအင်များက ထွက်ရှိလာမည့် Emission တွေအကြောင်း ထည့်မတွက်သေး၍ ဖြစ်သည်။ ဆန်ရရှိရန် ရေချိုသုံးစွဲမှုများစွာလိုအပ်ခြင်း၊ ကမ္ဘာမြေပူနွေးစေခြင်း (စပါးစိုက်ပျိုးခြင်းကြောင့် မီသိန်းဓာတ်ငွေ့ထွက်ရှိမှု) စတာတွေပေးဆပ်ပြီးမှ ထုတ်လုပ်ရသည့် သီးနှံဖြစ်၍ ရာသီဥတုပြောင်းလဲခြင်း ရှုထောင့်ကကြည့်လျှင် စပါးကို ဇိမ်ခံသီးနှံ (Luxury Crop) ရယ်လို့ ပြောလာကြသည်။ ထို့ကြောင့် ထမင်းကို အဖိတ်အစဉ်မရှိ အလေအလွင့်မရှိ စားသုံးဖို့ လိုပါသည်။ FAO က တစ်ကမ္ဘာလုံးထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်း၏ သုံးပုံတစ်ပုံဟာ အလေအလွင့် စွန့်ပစ်သွားသည့်အထဲ ရောက်သွားသည်ဟု လည်းကောင်း၊ နှစ်စဉ် အလေအလွင့်ဖြစ်သွားသော အစားအသောက် တန်ချိန် သန်းပေါင်း ၁၃၀၀ ရှိသည်ဟုလည်းကောင်း ပြောထားပါသည်။ သို့သော် အချို့မှာ ဆာဆာဖြင့် အိပ်ရာဝင်သွားကြရသည်။

နို့တစ်လီတာထွက်ရန် ရေချို ၁၀၀၀ လီတာ ဂါလန် ၂၅၀ လိုပါသည်။ နို့ပျက်၊ နို့ချဉ်သွား၍ လွှင့်ပစ်လိုက်ရလျှင် ရေချို ၁၀၀၀ လီတာ အလကားဖြစ်သွားတာနှင့် အတူတူပင် ဖြစ်ပါသည်။

ဒီနေ့ကမ္ဘာကြီးမှာ အစားအသောက်ထုတ်လုပ်ဖို့ သက်သက်အတွက် ကမ္ဘာမြေကြီးရဲ့ ဧရိယာလေးပုံတစ်ပုံဟာ စိုက်ပျိုးရေး မွေးမြူရေးအတွက် အသုံးချခံနေရပါသည်။ ကမ္ဘာ့ရေချို ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးမွေးမြူရေးအတွက် အသုံးချခံနေရပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းမှာ အစားအသောက်ထုတ်လုပ်မှုကြောင့် ဖြစ်ပါသည်။

ဒါ့ကြောင့် အစားအသောက် မစားသောက်မီ စဉ်းစားသင့်တာက ဒီပစ္စည်းဟာ ရေချိုအစရှိသော သဘာဝသယံဇာတများသုံးပြီး ထုတ်လုပ်ထားသည့် အစားအသောက်ဖြစ်လို့ အလေအလွင့်မရှိ စားသုံးရန် လိုအပ်လှပါသည်။ ဓာတ်မြေသြဇာပိုးသတ်ဆေးသုံးပြီး ထုတ်လုပ်ထားတဲ့ အစားအသောက်ဆို ကိုယ့်ကျန်းမာရေးထိခိုက်လာနိုင်စေသလို ကမ္ဘာမြေပူနွေးမှုကိုလည်း အားပေးထားတာမို့ မစားကြဖို့ စဉ်းစားသင့်ပါသည်။

ဒုတိယအနေနဲ့ မိမိဒေသတွင်းထွက်တဲ့ အစားအသောက်ကို စားခြင်းဖြင့် အစားအသောက် သယ်ယူပို့ဆောင်ရန် စွမ်းအင်မကုန်တော့လို့ ကာဗွန်ထွက်ရှိမှု နည်းစေပါသည်။ ဒါ့ကြောင့် ဒေသတွင်းထွက်ကုန်ကိုအားပေးပြီး စားကြစေလိုပါသည်။ ပြည်ပကတင်သွင်းပြီး စားသောက်မှု လျှော့စေချင်ပါသည်။

**ကျွန်တော်တို့ စားသုံးမည့် အမဲသား တစ်ပွဲအတွက် ရေဂါလန်ပေါင်း ၁၂၀၀ ကို အသုံးပြုရပါသည်။ ကြက်သားတစ်ပွဲအတွက် ရေဂါလန် ၃၃၀ ကိုအသုံးပြုရပြီး အသီးအရွက်၊ ဆန်နှင့် ပဲပုပ်၊ တို့ဟူး အစရှိသည့် အသားငါးမပါရှိသည့် သက်သတ်လွတ် အစားအစာများအတွက်မူ ရေဂါလန် ၉၈ ဂါလန်သာ လိုအပ်ကြောင်း တွေ့ရှိရပါသည်။ အသီးအရွက်စားခြင်းသည် အသားစားခြင်းထက် ရေချို ၉၀ ရာခိုင်နှုန်း ချွေတာနိုင်ပါသည်။ အောက်ပါပုံတွင် လေ့လာနိုင်ပါသည်။**

**ပုံ(၁)အရ အသားငါးမပါသော အစားအစာများဖြစ်သည့် တို့ဟူး၊ ဆန်၊ မုန့်ညင်းစိမ်းထုပ်၊ ဆလတ်ရွက် အစရှိသည်တို့အတွက် ရေ ၃၇၁ လီတာ၊ ကြက်သား ၁၅ ကျပ်သားခန့်အတွက် ရေ ၁၂၄၉ လီတာ၊ အမဲသား ၁၅ ကျပ်သားခန့်အတွက် ရေ ၄၆၆၄ လီတာ အသုံးပြုရန်လိုအပ်ကြောင်း တွေ့နိုင်ပါသည်။**

**ပုံ(၂)အရ မုန့်ညင်းစိမ်းထုပ် တစ်ထုပ်၊ ခရမ်းသီးတစ်လုံး၊ လေးအောင်စရှိ ပန်းဂေါ်ဖီနှင့် ရှစ်အောင်စရှိ ဆန်တို့ပါဝင်သော အသီးအရွက်စားစရာတစ်ပွဲအတွက် ဇီဝရုပ်ကြွင်းလောင်စာ ၀ ဒသမ ၀၀၉၈ ဂါလန် အသုံးပြုရပြီး ယင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် ၀ ဒသမ ၄ ပေါင် ထွက်စေပါသည်။ ခြောက်အောင်စရှိ အမဲသားလွှာ တစ်ပွဲအတွက် ဇီဝရုပ်ကြွင်းလောင်စာ ၀ ဒသမ ၁၅၈၇ ဂါလန် (အသားမပါသော ဟင်းပွဲထက် လောင်စာအသုံးပြုမှု ၁၆ ဆ ပိုများသော) အသုံးပြုရပြီး ယင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် ၁၀ ပေါင် (အသီးအရွက် ဟင်းပွဲထက် ၂၅ဆ) ထွက်စေပါသည်။**

တကယ်တမ်းတွင်မူ အစားအသောက်သာမကပါဘူး။ အဆောက်အအုံနဲ့ အိမ်ထောင်ပရိဘောဂပြုလုပ်ရန် သစ်ခွဲသား တစ်တန်ရဖို့ တောထဲမှ သစ်လုံးတန် ငါးတန်ခြောက်တန်လောက် လိုသည်ဟု သိရပါသည်။ အကိုင်းအခက်နဲ့ ဆုံပိုင်းပယ်က သုံးတန်၊ သစ်ပကာ၊ အလေအလွင့်က တစ်တန်ခွဲ၊ ရွှေဘော်၊ လွှစာ၊ အတိုအစအပိုင်းများက တန်ဝက်ဖြစ်ရာ စုစုပေါင်း ငါးတန်က ကုန်ချောအဖြစ် မသုံးနိုင်တော့ပါ။ (ကိုးကား စာတမ်း- ဦးဝင်းကြည်-၂ (၂၀၀၅ မေလ)။ ထို့ကြောင့် ကုန်ချောအဆင့် ရောက်နေတဲ့ ပရိဘောဂများ၊ တံခါးများ၊ ကြမ်းခင်းများ စတာတွေကို ကြာရှည်ခံ၊ မီးမလောင်၊ မပျက်စီးအောင် သေချာတန်ဖိုးထား ထိန်းသိမ်းသင့်လှပါသည်။

ယခုဆောင်းပါး၏ အစပိုင်းမှာ ပြောခဲ့သလိုပင် စားရေးသောက်တာ ဖူလုံရန်အတွက် ထုတ်လုပ်သည့်ဘက်မှာသာ တာဝန်ရှိသည်မဟုတ်ဘဲ စားသုံးသူဘက်ကလည်း စားသောက်ခြင်း အလေ့အကျင့် (ကုန်နိုင်ရုံမျှ စားသောက်ခြင်း) ပြောင်းပေးလိုက်လျှင် အစားအသောက်ထုတ်လုပ်ရန် သဘာဝသယံဇာတများ ရေရှည်တည်တံ့နိုင်ပြီး စားရေးသောက်တာပါ ရေရှည်ဖူလုံလာနိုင်ကြောင်း တင်ပြရပေသည်။

ဂရပ်(၁) အသီးအရွက်စားခြင်းသည် အသားစားခြင်းထက် ရေချို ချွေတာနိုင်ပုံ




Source: Marcia Kreith, Water Inputs in California Food Production, Water Education Foundation, September, 1991

ပုံ(၂) အသားသည် အသီးအရွက်ထက် လောင်စာစွမ်းအင် ပိုကုန်ခြင်းပြပုံ




Source: Gidon Eshel and Pamela A. Martin, "Diet, Energy, and Global Warming," Earth Interaction, Vol 10 (2006), paper No.9

# ပြန်ကြားရေးဝန်ကြီးဌာနမှ DVB- T2 Set- Top Box ရုပ်သံဖမ်းစက်များ ပေးအပ်လှူဒါန်း

မော်လမြိုင် အောက်တိုဘာ ၁၄

နိုင်ငံတော်သမ္မတကြီး၏ ပြည်သူဗဟိုပြုလမ်းစဉ်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်သူများအား ဝန်ဆောင်မှုပေးသောအားဖြင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လူမှုအသိုက်အဝန်းနေရာများနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB- T2 Set-Top Box ရုပ်သံဖမ်းစက်များကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဟာသ်ခန်းမ၌ ပေးအပ်လှူဒါန်းခဲ့သည်။

မွန်ပြည်နယ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုပေးအပ်လှူဒါန်းခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ယခင်နှစ်က DVB-T2 Set- Top Box ၁၆၀၀၂ လုံးကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် Set-Top Box ၃၂၇၈၆၃ လုံးကို ပေးအပ်လှူဒါန်းခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ Set -Top Box ၇၉၆၉၈ လုံးကို လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

# တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်၍ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိစ္စရပ်များဆောင်ရွက်နေခြင်းဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၄**

လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကမ်းလှမ်းမှုများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်မှလည်း လိုက်လိုက်လှဲလှဲ ပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ အကြိမ်ပေါင်းများစွာ ဆွေးနွေးမှုများပြုလုပ်၍ ယခုလက်မှတ်ရေးထိုးမည့်အဖွဲ့ ရှစ်ဖွဲ့နှင့် သဘောတူညီမှု ရရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အတတ်နိုင်ဆုံးလိုက်လျောညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နှစ်ဖက်တာဝန်ရှိသူအားလုံး လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger Pose မှ လာရောက်ဂါရဝပြု တွေ့ဆုံစဉ် **(အပေါ်ယာပုံ)** ထည့်သွင်းပြောကြားသည်။



တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော်သံအမတ်ကြီးက NCA လက်မှတ်ရေးထိုးမှုသည် နိုင်ငံတော်၏အနာဂတ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ခြေလှမ်းတစ်ရပ်၊ မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ လျှောက်လှမ်းနေသည့် ဒီမိုကရေစီပန်းတိုင်အတွက်လည်း ခိုင်မာသည့် အုတ်မြစ်တစ်ခုအဖြစ် ယူဆပါကြောင်းနှင့် ယင်းအပေါ်သဘောထားအမြင် မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ငြိမ်းချမ်းမှုရှိသည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တစ်ဖွဲ့ရလျှင် တစ်ဖွဲ့လုပ်ခြင်းဖြင့် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုဒေသ၏ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်သိရှိခြင်းဖြင့် ယုံကြည်မှု တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သည့် အချက်ဖြစ်၍ တပ်မတော်အနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုများအပေါ်အခြေခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဆိုသည့် ခံယူချက်ဖြင့် ငြိမ်းချမ်းရေးကိစ္စရပ်များ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး ဧည့်သည်တော်သံအမတ်ကြီးက ဆက်လက်ဖြစ်ပေါ်လာနိုင်မည့်အခြေအနေ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီအတွေ့အကြုံ နည်းပါးကြောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ တပ်မတော်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတမှုရှိစေရမည်ဖြစ်သကဲ့သို့ တပ်ပြင်ပဆိုင်ရာများကိုလည်း ယင်းအတိုင်း ဖြစ်စေလိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်မှုများ အောင်မြင်အောင် ကူညီလုပ်ဆောင်ပေးနေကြောင်း၊ အရှေ့ဥရောပနှင့် အာရပ်နိုင်ငံအချို့၏ သာဓကမျိုး မိမိနိုင်ငံတွင် မဖြစ်နိုင်ဟု ယုံကြည်ကြောင်း၊ ပိုမို၍ ခိုင်ခိုင်မာမာဖြစ်အောင် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး တပ်မတော်အနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ တပ်မတော်ပိုင်းဆိုင်ရာ ဆက်ဆံရေး၊ စစ်ရေးနှင့်မပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**(မြဝတီ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ အမှတ်(၃)စက်မှုသင်တန်းကျောင်း (သာဂရ)၊ တောင်ငူပညာရေးကောလိပ်၊ တက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သက်မွေးပညာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသစ်တည်ဆောက်လျက်ရှိသော တောင်ငူပညာရေးကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ဂျပန်နိုင်ငံ JICA အကူအညီဖြင့် တည်ဆောက်လျက်ရှိသော တောင်ငူပညာရေးကောလိပ် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၌ သင်တန်းသား ၁၀၀၀ လက်ခံသင်ကြားနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူပညာရေးကောလိပ်သို့ ရောက်ရှိရာ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး အရည်အသွေးပြည့် ဆရာ ဆရာမများ မွေးထုတ်ရေးနှင့် ဆရာအတတ်ပညာဘွဲ့ကြိုသင်တန်း ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်စီမံဆောင်ရွက်ထားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူတက္ကသိုလ်သို့ရောက်ရှိပြီး တောင်ငူတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက တောင်ငူတက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ တည်ဆောက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ အရည်အသွေးမြင့်ပညာရေးနှင့် အရည်အသွေးဆိုင်ရာ အာမခံမှုများကို ရှင်းလင်းဆွေးနွေး မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း (တောင်ငူ)၌ နည်းပညာတက္ကသိုလ် (တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံကာ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တောင်ငူကွန်ပျူတာတက္ကသိုလ်တွင် နည်းပညာထုတ်ကုန်များ ပြပွဲကျင်းပ

**တောင်ငူ အောက်တိုဘာ ၁၄**

တောင်ငူကွန်ပျူတာတက္ကသိုလ် ၂၀၁၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ရေးသားထားသည့် မိုဘိုင်းဖုန်းများပေါ်တွင် အသုံးပြုမည့် Android Mobile Application များ၊ Software Program များကို နည်းပညာထုတ်ကုန်များအဖြစ် ပြသသည့် နည်းပညာပြပွဲကို တောင်ငူကွန်ပျူတာတက္ကသိုလ် ကျောင်းခန်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်လတ်က နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုအကြောင်းကို ပြောကြားပြီး တောင်ငူကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်) ဒေါက်တာ အိအိလှိုင်က ကျောင်းသားကျောင်းသူများ၏ တီထွင်ဖန်တီးမှုစွမ်းရည်များကို တောင်ငူဒေသခံလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှသိရှိပြီး ချိတ်ဆက်အလုပ်လုပ်လိုသော အလေ့အကျင့်ကောင်းများရရှိရန်၊ ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် သုတေသနလုပ်ငန်းများတွင် လုပ်ဆောင်နိုင်သည်အထိ အဆင့်ရောက်အောင် ရည်ရွယ်၍ Product Show 2015 ကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ငူကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား ကိုစည်သူလင်းထွဏ်းက “ကျွန်တော်ဒီ Application ကို ရေးသားတာ တောင်ငူဒေသမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ဈေးဆိုင်တွေ၊ ဖုန်းဆိုင်တွေ၊ ဆေးရုံဆေးခန်းတွေ နောက် Emergency call ခေါ်ဆိုလို့ရတဲ့ နေရာတွေကအစ visiting card တွေ ကြည့်စရာမလိုအောင် လွယ်လင့်တကူ အများပြည်သူ အသုံးပြုလွယ်ကူအောင် ဒီ TaunNgu Directory Android Mobile Application ကို ရေးသားရခြင်းဖြစ်ပါတယ်”ဟု ရှင်းပြသည်။



အဆိုပါနည်းပညာပြပွဲ၌ သွေးလှူဒါန်းရာတွင် လှူဒါန်းသူ၏ အချက်အလက်များ ဆေးစစ်ချက်မှတ်တမ်းများ ထိန်းသိမ်းထားသည့် Software များနှင့် ခရီးသွားဆိုင်ရာ Software Program များကိုလည်း ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ကယားပြည်နယ် မော်ချီးဒေသမှ ရေဘေးသင့်ပြည်သူများအနက် နေရပ်ပြန်လိုသူများအတွက် ပြည်နယ်အစိုးရမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

လွိုင်ကော် အောက်တိုဘာ ၁၄

**ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ ခဲတွင်းများတွင် လုပ်ကိုင်လျက်ရှိသော လုပ်သားများနှင့် မိသားစုဝင် ၃၀၀ ခန့်အနက်မှ နေရပ်ပြန်လိုသူများ ပြန်လည်ထွက်ခွာနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်ဆွမ်းစားဆောင်၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းမှ ဒုတိယအသုတ် နေရပ်ပြန်မည့် ကျောက်ပန်းတောင်းမြို့နယ်မှ လုပ်သားများနှင့် မိသားစုဝင်များ နေ့လယ်စာ စားသုံးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လိုက်လံကြည့်ရှု အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်ပန်းတောင်း မြို့နယ်သို့ ပြန်လည်ထွက်ခွာမည့် ၄၅ ဦးအား မော်တော်ယာဉ်များပေါ်မတက်မီ လမ်းခရီး၌ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် အဝတ်အထည်များကိုထောက်ပံ့ပေးခဲ့သည်။

"ကျွန်တော်တို့ လက်ရှိဆောင်ရွက် ပေးနေတာကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ တာဝန်ပေးချက်အရ ပြီးခဲ့တဲ့ရက်ပိုင်းက ကယားပြည်နယ် မော်ချီးဒေသမှာ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပြီး သဘာဝဘေးဒဏ် တွေ့ကြုံခဲ့ကြရတဲ့ ဒေသအသီးသီးက အဖွဲ့တွေကို ဒီမှာလက်ခံပြီးတော့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးတယ်၊ စားဝတ်နေရေးဖြေရှင်းပေးတယ်၊ ဒါ့အပြင် သူတို့ရဲ့ဇာတိတွေကို ဒီမှာရှိတဲ့ ကားလိုင်းတွေနဲ့ ချိတ်ဆက်ပြီး နေရပ်ရောက်ရှိအောင် ပို့ဆောင်ပေးပါတယ်။ လမ်းခရီးမှာ သွားတဲ့အခါ စားဝတ်နေရေးအတွက်ပါ လူတစ်ဦးကိုငွေကျပ် ၅၀၀၀ နှုန်းနဲ့ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနေပါတယ်" ဟု လွိုင်ကော်မြို့နယ် သဘာဝဘေး



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး မော်ချီးဒေသ ခဲတွင်းများတွင်လုပ်ကိုင်သော လုပ်သားများနှင့် မိသားစုဝင်များအား နေရပ်ပြန်လည်ပို့ဆောင်ပေးရန် လိုအပ်သည်များစီစဉ်ပေးပြီး အားပေးစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက ပြောပြသည်။

"ဆက်လက် ပြီးတော့လည်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားတဲ့ မော်ချီးဒေသက ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိသလို ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ပြည်နယ်အစိုးရအစီအစဉ်နဲ့ မော်ချီးဒေသမှာ ကူညီဆောင်ရွက်ပေးနေပါတယ်။ အဲဒီမှာ ပြည်နယ်အစိုးရအဖွဲ့အပြင် အခြားဒေသက အလှူရှင်တွေလည်း လာရောက်ပြီးတော့ ကူညီဆောင်ရွက်ပေးနေပါတယ်။ အလှူရှင်တွေ လာရောက်တဲ့အခါမှာ သွားလာရေး၊ ဆက်သွယ်ရေးအတွက်လည်း ကျွန်တော်တို့အနေနဲ့ လွိုင်ကော်က တစ်ဆင့် ဖားဆောင်း၊ မော်ချီးသို့ သွားရောက်နိုင်အောင် ကူညီပေးလျက်ရှိပါတယ်။ သာသနာ့ဗိမာန်မှာ မော်ချီးဒေသ ကယ်ဆယ်ရေး စခန်းဖွင့်လှစ်ထားတာမှာ မနေ့ကထိ ၃၁၂ ဦးရောက်ရှိလာပြီး ဒီမနက်ပိုင်းမှာ ၂၇၀ အား ၎င်းတို့နေရပ်တွေကို ပို့ဆောင်ပေးမှာဖြစ်ပြီး ကျန်ရှိသူတွေကို ညနေပိုင်းမှာ ၎င်းတို့နေရပ်ပြန်နိုင်ဖို့ ထပ်မံပို့ဆောင်ကူညီပေးမှာဖြစ်ပါတယ်။ ဒီမနက်မှာလည်း ပြည်နယ်အစိုးရအစီအစဉ်နဲ့ ယာယီကယ်ဆယ်ရေးစခန်းကို ၃၀၀ ကျော် ထပ်မံရောက်ရှိမယ်လို့ ကြားသိရတဲ့အတွက် နေရေးထိုင်ရေး၊ စားဝတ်နေရေးပါ ကယားပြည်နယ် အစိုးရအဖွဲ့ အစီအစဉ်နဲ့ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်"ဟု ဦးအောင်ဆွေက ထပ်မံပြောကြားသည်။

အဆိုပါ လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်ဆွမ်းစားဆောင်တွင်ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသော သဘာဝဘေးသင့် ပြည်သူများအနက် ယမန်နေ့က ၄၈ ဦးကိုလည်းကောင်း၊ ယနေ့နေ့လယ်ပိုင်းထိ ၁၀၃ ဦးကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(လွိုင်ကော်ခရိုင် ပြန်/ဆက်)**



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး မော်ချီးဒေသ ခဲတွင်းများတွင်လုပ်ကိုင်သော လုပ်သားများနှင့် မိသားစုဝင်များအား ကျန်းမာရေးဆေးကုသစောင့်ရှောက်ပေးမှုကို ကြည့်ရှုအားပေးစဉ်။ (ခရိုင် ပြန်/ဆက်)

# ရေဘေးသင့် ကလေးဒေသသို့ ဒီဇယ်ဓာတ်အားပေးစက်များပေးပို့

**ကလေး အောက်တိုဘာ ၁၄**

ရေဘေးသင့်ကလေးဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ရေနစ်မြုပ်ခဲ့သည့် ဓာတ်အားပေးစက်များနေရာတွင် အစားထိုး၍ မြို့မီးပေးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၃၀၀ ကေဗွီဓာတ်အားပေးစက်ကြီးတစ်လုံးနှင့် ၂၅ ကေဗွီ ဓာတ်အားပေးစက်နှစ်လုံး ပေါင်းသုံးလုံးပေးပို့ခဲ့ရာ ယခုအခါ ကလေးမြို့သို့ ရောက်ရှိနေပြီဖြစ်၍ မြို့မီးပေးရေးလုပ်ငန်းကို ရပ်တန့်မှုမရှိစေရန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည်။

ကလေးမြို့ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်က ကလေးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ငွေကျပ်သိန်း ၃၈၀၀ တန်ဖိုးရှိ ဒီဇယ်ဓာတ်အားပေးစက်လေးလုံးနှင့် ငွေကျပ်သိန်း ၁၃၆၀ တန်ဖိုးရှိ ထရန်စဖော်မာခြောက်လုံးတို့ ရေနစ်မြုပ်ခံခဲ့ရသည်ဟု သိရသည်။

အဆိုပါရေနစ်မြုပ်ခဲ့သည့် ဒီဇယ်ဓာတ်အားပေးစက်များနှင့် ထရန်စဖော်မာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကျွမ်းကျင်ပညာရှင်များက ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေနစ်မြုပ်ခဲ့သည့် ဓာတ်အားပေးစက်များ (မီးလင်းရေးပိုင်း)နှင့် ထရန်စဖော်မာများအား ရာနှုန်းပြည့်အားလုံးပြင်ဆင်ပြီးသွားပြီဖြစ်သည်ဟု သိရသည်။

**ခရမ်း-စိုးမြင့်**





ဓာတ်ပုံ- မြဝတီ

# မော်ချီးဒေသမှ သဘာဝဘေးသင့်ပြည်သူများအား တပ်မတော်၊ ဌာနဆိုင်ရာနှင့် နယ်ဘက်မော်တော်ယာဉ်များဖြင့် ရွှေ့ပြောင်းပေးလျက်ရှိ

**မော်ချီး အောက်တိုဘာ ၁၄**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးသို့အသွား အမှတ် (၂) ဘေလီတံတားတွင် ရေကြီး၍ သက်ဆိုင်ရာများက တံတားမကျိုးပဲ့စေရန် စက်ယန္တရားများဖြင့် အမှိုက်များ၊ ကျောက်တုံးကျောက်ခဲများအား ဖယ်ရှား၍ ရေလမ်းကြောင်း ရှင်းလင်းလျက်ရှိသည်။

ထိုကဲ့သို့ဖြစ်ပွားမှုကြောင့် မြေပြို လျက်ရှိသော မော်ချီးအောက်ရွာ လိုခါးလို ၁၃ ကုန်းနှင့် တောင်ပေါ်ရွာတို့ အဆက်အသွယ် ပြတ်တောက် လျက်ရှိရာ ၎င်းနေရာများမှ သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ လည်းကောင်း၊ နီးစပ်ရာရပ်ရွာများသို့လည်းကောင်း၊ လွိုင်ကော်နှင့် နီးစပ်ရာမြို့များသို့လည်းကောင်း တပ်မတော်နှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များအပြင် နယ်ဘက်မော်တော်ယာဉ်များဖြင့် ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန် /ဆက်)**

# ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် တပ်မတော်တို့ပူးပေါင်း၍ မော်ချီးဒေသရှိ ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

**ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားကာ နေအိမ်အချို့ ပြိုကျပျက်စီးမှုကြောင့် သေဆုံးမှုနှင့် ပျောက်ဆုံးမှုများအပါအဝင် ဒဏ်ရာရရှိမှုနှင့် သဘာဝဘေးသင့်မှုများကြုံတွေ့ခဲ့ရမှုအပေါ် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် တပ်မတော်တို့ပူးပေါင်း၍ မော်ချီးဒေသရှိ ဘေးသင့်ပြည်သူများအား အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။**



မော်ချီးဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးသင့် ပြည်သူများအား တပ်မတော်သားများက ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ ဓာတ်ပုံ - မြဝတီ

အဆိုပါ ဖြစ်စဉ်တွင် မော်ချီးတောင်ပေါ်ဒေသ ၁၅ ရပ်ကွက်မှ နေအိမ် ၂၉ လုံး၊ ဇီးပင်ကွေ့ ၁၆ ကုန်းမှ နေအိမ် ၂၉ လုံး စုစုပေါင်း နေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ရာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၇ ဦး သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ခြောက်ဦး ပျောက်ဆုံးလျက်ရှိသဖြင့် အောက်တိုဘာ ၁၁ ရက် ညပိုင်းမှစ၍ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ဘေးသင့်အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦးအား မော်ချီးတောင်ပေါ်ကျေးရွာ၊ ယူကော်ခိုကျေးရွာနှင့် ဇီးပင်ကွေ့ကျေးရွာတို့မှ နေထိုင်ရန် အန္တရာယ်ရှိသဖြင့် ထပ်မံရွှေ့ပြောင်းလာသော သဘာဝဘေးသင့်ပြည်သူ ၁၁၈၆ ဦးကို လိုခါးလိုကျေးရွာ၌ ကယ်ဆယ်ရေးစခန်းနှစ်ခု၊ မော်ချီး အောက်ရွာ၌ ကယ်ဆယ်ရေးစခန်းနှစ်ခု ထပ်မံဖွင့်လှစ်၍ ကူညီရွှေ့ပြောင်းပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် နေထိုင်စားသောက်ရေးကိစ္စများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မော်ချီးဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးသင့် ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း၌ တပ်မတော်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးဆေးကုသစောင့်ရှောက်ပေးစဉ်။ ဓာတ်ပုံ - မြဝတီ

အဆိုပါ မြေပြိုကျမှုကြောင့် ပျက်စီးခဲ့သည့် မော်ချီးရွာ အ. ထ. က နှင့် လိုခါးလို တိုက်နယ်ဆေးရုံများတွင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားပေးပြီး ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၂ ရက်က ဘော်လခဲတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် ဖားဆောင်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများသည် ဖားဆောင်း-မော်ချီး လမ်းကြောင်းတစ်လျှောက်တွင် မြေပြိုပြီး လမ်းပိတ်ဆို့မှုများကို ရှင်းလင်းခဲ့ကြောင်း၊ အောက်တိုဘာ ၁၃ ရက်ကလည်း ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)မှ နယ်မြေခံတပ်မတော်သားများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ မော်ချီး အဝင် အမှတ်(၂)ဂိတ်အနီး ပေ ၄၀ အရှည်ရှိ မိုးလိုချောင်းကူးဘေလီတံတား ရေတိုက်စားမှုအခြေအနေများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အေးလွင်နှင့် ကယားပြည်နယ် နယ်ခြားစောင့်တပ်မှ ဂုဏ်ထူးဆောင်ဗိုလ်မှူးကြီး ထွန်းကျော်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၃ ရက် ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားရေတိုက်စားမှုမရှိစေရေးအတွက် စက်ယန္တရားများဖြင့် ရေလမ်းကြောင်းတူးဖော်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းများရှိ ဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် မိုးလိုချောင်းကူးတံတား၌ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ တံတားရေတိုက်စားမှုမရှိစေရေးအတွက် စက်ယန္တရားများဖြင့် ရေလမ်းကြောင်းတူးဖော်မှုတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ညနေပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူးနှင့် ကယားပြည်နယ် နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများသည်



ကယားပြည်နယ် မော်ချီးဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ကာ နေအိမ်အချို့ ပြိုကျပျက်စီးမှုကို ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် တပ်မတော်သားများ ကူညီဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။ (ခရိုင် ပြန်/ဆက်)

မော်ချီးကျေးရွာ အထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး အနွေးစောင်များနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် မော်ချီးဒေသရှိ ခဲတွင်းများတွင် လုပ်ကိုင်လျက်ရှိသည့် နေရပ်သို့ပြန်လိုသော လုပ်သား ၂၀၁၄ ဦးကိုလည်း တပ်မတော်၊ ဌာနဆိုင်ရာနှင့် နယ်ဘက်မော်တော်ယာဉ်များအပါအဝင် မော်တော်ယာဉ်စုစုပေါင်း ၃၁ စီးဖြင့် မော်ချီးမှလွိုင်ကော်မြို့သို့ ပို့ဆောင်ပေးခဲ့ရာ ပြည်နယ်အစိုးရအစီအစဉ်ဖြင့် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းမှတစ်ဆင့် ဆန္ဒအလျောက် နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလိုမှုအလိုက် ပို့ဆောင်ပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်တွင် ရှမ်းပြည်နယ် အောင်ပန်းနှင့် ဟဲဟိုးမြို့သို့ နှစ်ဦးစီဖြင့် လေးဦး၊ မိတ္ထီလာမြို့သို့ ၆၉ ဦး၊ ကျောက်ပန်းတောင်းမြို့သို့ ၁၅၂ ဦး၊ မကွေးမြို့သို့ ခုနစ်ဦး၊ မန္တလေးသို့ တစ်ဦး၊ တောင်ငူသို့ ၄၇ ဦးနှင့် ရန်ကုန်သို့ ၂၀ စုစုပေါင်း ၃၀၀ အား ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများသည် ပြန်လည်ထွက်ခွာသူများ လမ်းခရီး၌ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် လိုအပ်သော ထောက်ပံ့မှုများပြုလုပ်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်အစိုးရအနေဖြင့်လည်း အောက်တိုဘာ ၁၃ ရက်တွင် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် သစ်တောနှင့် သတ္တုတွင်းဝန်ကြီးတို့ ဦးဆောင်သော အဖွဲ့များနှင့်အတူ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ မော်ချီးဒေသသို့ ပို့ဆောင်ပေးခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင်လည်း အလှူငွေနှင့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ဆက်လက်ပို့ဆောင်ခဲ့ရာ ပေးပို့မှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၅၉၅၉၀၀ ဖြစ်ကြောင်း သိရသည်။

မော်ချီးဒေသတွင် တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မြေပြိုကျပြီး လမ်းပိတ်ဆို့မှုများကို ရှင်းလင်းခြင်း၊ ပျက်စီးသွားသောတံတားများ ပြင်ဆင်ခြင်းနှင့် တံတားများ ရေတိုက်စားမှုမရှိစေရန် ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ ဆန္ဒအလျောက် နေရပ်ပြန်လည် ထွက်ခွာလိုသော လုပ်သားများ ပြန်လည်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းများအပြင် ယာယီကယ်ဆယ်ရေးစခန်းများရှိ ဘေးသင့်ပြည်သူများအတွက် တပ်မတော်ဆေးကုသရေးအဖွဲ့၊ ကယားပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီအဖွဲ့များ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



မော်ချီးတောင်ပေါ်ဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားရာ ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများက ကူညီဆောင်ရွက်ပေးနေမှုကိုတွေ့ရစဉ်။ (ခရိုင် ပြန်/ဆက်)

# ရေဘေးသင့်အိမ်ရာထူထောင်ရေးငွေကြေးအထောက်အပံ့များ တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုသို့ ပထမအဆင့်ဦးစားပေး ပေးပို့မည်



**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံတစ်ဝန်း ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပျက်စီးသွားသောနေအိမ်များ ဆောက်လုပ်နိုင်ရေး ကူညီထောက်ပံ့ငွေများကို တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခုသို့ ပထမအဆင့် ဦးစားပေးအဖြစ် ပေးပို့သွားမည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်(ဝဲပုံ)က မြန်မာ့အလင်းသို့ ပြောကြားသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးတွေရယ်၊ ကျွန်တော်တို့ဆီက ဘဏ္ဍာငွေထိန်းသိမ်းရေးကော်မတီရယ်၊ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီရယ် ဒီအဖွဲ့တွေ ပူးပေါင်းဆွေးနွေးမှုရလဒ်တွေကို အခြေခံပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ငါးခုသို့ ပထမအဆင့် ဦးစားပေးအဖြစ် ရေဘေးသင့်ဒေသနေ ပြည်သူတွေ အိမ်ရာတွေ ပြန်လည်ထူထောင်နိုင်ဖို့ လိုအပ်တဲ့ငွေကြေးတွေ ပေးပို့သွားမှာဖြစ်ပါတယ်" ဟု ဦးစိုးအောင်က နေပြည်တော်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ပြောကြားခဲ့သည်။

လက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘဏ္ဍာရေးထိန်းသိမ်းရေးကော်မတီတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ အလှူရှင်များ လှူဒါန်းထားသော အလှူငွေကျပ်သိန်းပေါင်း ရှစ်သောင်းနှင့် အမေရိကန်ဒေါ်လာ လေးသန်းရရှိထားရာ ယင်းငွေများကို ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးသွားသော အိမ်ရာများ တည်ဆောက်ရာတွင် ခွဲဝေပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လှူဒါန်းရရှိငွေကျပ်သိန်းပေါင်း ရှစ်သောင်းတွင် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က လှူဒါန်းငွေကျပ်သိန်းပေါင်း သုံးသောင်းပါဝင်ကြောင်း၊ ကမ္ဘာ့ဘဏ်ကလည်း မြန်မာနိုင်ငံမှ ချေးယူထားသည့် ငွေမှ ဒေါ်လာ ၃၅ သန်းကို ရေဘေးကူညီငွေအဖြစ် ရရန်ရှိကြောင်း၊ ဂျပန်နိုင်ငံကလည်း ရေဘေးသင့်ဒေသများ၊ ကျောင်းများ ပြန်လည်ဆောက်လုပ်ရန် အမေရိကန်ဒေါ်လာ သန်း ၄၀ ထောက်ပံ့ကူညီပေးသွားရန်ရှိကြောင်း သိရသည်။

ရေဘေးသင့်ဒေသများ အိမ်ရာများ ပြန်လည်ထူထောင်ရန် လိုအပ်သည့်ငွေကြေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှတစ်ဆင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးပို့သွားမည်ဖြစ်ရာ ဦးစားပေးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်များသို့ ပထမအဆင့် ဦးစားပေး ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

# ခရစ်ယာန်အသင်းတော်က ရေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်း

**သပိတ်ကျင်း အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာ အမှတ်(၁)ရပ်ကွက်ရှိ ရေလုပ်သား အိမ်ထောင်စု ၂၈ စုအား သပိတ်ကျင်းမြို့ ခရစ်ယာန်အသင်းတော်မှ အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီက တွင်းငယ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



သပိတ်ကျင်း မြို့နယ်အတွင်း ဇူလိုင်လ ၂၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် တောင်ကျရေများစီးဆင်းလာပြီး လူနှင့် တိရစ္ဆာန်များ သေကြေပျက်စီး ဒုက္ခရောက်ခဲ့ကြရသဖြင့် သင်းအုပ်ဆရာ ဦးဇော်မိုးအောင်၊ နှစ်ခြင်းအသင်းတော်ဥက္ကဋ္ဌ ဦးစိုးဆင့်၊ အသင်းတော်မိခင်ကြီးများက အသင်းတော်ရန်ပုံငွေဖြင့် ငွေကျပ်သုံးသိန်းခွဲခန့် တန်ဖိုးရှိ ပစ္စည်းများကို ကျေးရွာအရောက်သွားရောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ရေလုပ်သားကြီး ဦးလှဒေါင်းက "ကျွန်တော်တို့ ဒုက္ခရောက်ခဲ့ကြရပါတယ်။ ဒီနေ့အချိန်ထိ ဘယ်အကူအညီမှ မရခဲ့ပါဘူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖတွေစောင့်ရှောက်ကူညီမှုကြောင့်အလှူရှင်တွေ လာရောက်လှူဒါန်းတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ လုပ်ငန်းမှာ အသုံးပြု နေတဲ့ လှေနဲ့ ပိုက်တွေဆုံးရှုံးခဲ့ရလို့ မိသားစုတွေ စားဝတ်နေရေး ခက်ခဲပြီး တချို့ပစ္စည်းတွေ ပြန်လည်မထူထောင်နိုင်လို့ နေ့စားဝင်လုပ်နေကြရပါတယ်။"

အဆိုပါ ရေလုပ်သားမိသားစုများသည် တွင်းငယ်ကျေးရွာရှိ ရိုးကြီးအင်း၊ ရွှေလေးအင်း၊ ရေပြန်အင်း၊ ရွှေငွေးအင်းများတွင် ရေလုပ်ငန်းကို ပင်ပန်းစွာရှာဖွေလုပ်ကိုင်စားသောက်နေရပြီး လုပ်ငန်းသုံးပစ္စည်းများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသဖြင့် အလုပ်လက်မဲ့ပြဿနာများ ရင်ဆိုင်နေရကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ဧရာဝတီမြစ်အတွင်း သစ်ဝါးခြောက်များ ထင်းအဖြစ်ဆယ်ယူ

**သရက် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် အောက်တိုဘာ ၁၁ ရက် နှင့် ၁၂ ရက်များတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းကာ မုန်းချောင်းရေလျှံခဲ့သဖြင့် ချောင်းအနီးရှိကျေးရွာများ ရေလျှံမှုများ ရှိခဲ့သည်။

မုန်းချောင်းရေများ ဧရာဝတီမြစ်အတွင်း စီးဝင်ကာ ရေစီးနှင့် မျောပါလာသည့် သစ်တိုသစ်စများ၊ ဝါးခြောက်၊ သစ်ပင် သစ်ကိုင်းခြောက်များကို မြစ်ကမ်းဘေးရှိ စမ်းအိုင်ကျေးရွာ ပြည်သူများက ထင်းအဖြစ် အသုံးပြုရန် ဆယ်ယူနေကြသည်။

**ပေါက်ကလေး(သရက်)**



# မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)က သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

**ကန်ပက်လက် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)မှ မင်းတပ်ခရိုင်(မင်းတပ်၊ မတူပီ၊ ကန်ပက်လက်)မြို့နယ်များအတွက် သဘာဝဘေးဒဏ်သင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးနှင့် မြို့နယ်ဆရာဝန်တို့က ကယ်ဆယ်ရေးပစ္စည်းအမျိုး ၃၀ ကို လက်ခံရယူပြီး ပစ္စည်းများကို သဘာဝဘေးဒဏ်သင့်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက်မိုးရွာမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ဇီးကုန်း အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် စမ်းအိုင်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် Golden Hours Co., Ltd က သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်တိုဘာလ ပထမပတ်အတွင်းက ဇီးကုန်းမြို့နယ် စမ်းအိုင်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော လေးလက်မ(တွင်းနက်)အမျိုးအစား စက်ရေတွင်း ရေစက်အဆောက်အအုံနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်စစ်ဆေးခဲ့ပြီး လာမည့်ပွင့်လင်းရာသီတွင် ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ အဆင်ပြေစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းများပျက်စီး

**စေတုတ္တရာ အောက်တိုဘာ ၁၄**

အောက်တိုဘာ ၁၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သရက်ခရိုင် မင်းလှမြို့ မြို့မရပ်ကွက်ရှိ မင်းလှခံတပ်နှင့် ရွှေဘုန်းသာဘုရားအကြား အပန်းဖြေရင်ပြင်သည် ကြမ်းခင်းအက်ကွဲကြောင်းများမှတစ်ဆင့် ရေဝင်ရောက်တိုက်စားမှုကြောင့် အလျားပေ ၅၀၊ အနံ ၁၀ ပေ၊ အမြင့် ၁၁ ပေ ပျက်စီးမှုကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် မြို့နယ်ကော်မတီသုံးရပ်နှင့် မြို့မိမြို့ဖများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အလားတူ သရက်-မင်းလှ ကားလမ်းမိုင်တိုင်အမှတ် (၄၉/၅)၊ (၅၇/၁)၊ (၆၀/၂) နှင့် (၆၀/၃) ကြားရှိ ခင်းထားသောလမ်းများမှာ ရေတိုက်စားမျောပါသွားသဖြင့် ယာဉ်ကြီးယာဉ်ငယ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

**ငြိမ်းလှိုင်(စေတုတ္တရာ)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးဆောင်ရွက်မှုအခြေအနေဆွေးနွေး

**နေပြည်တော်  အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar အား အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် Norwegian Refugee Council (NRC) မှ ဌာနေကိုယ်စားလှယ် Mr. Prasanta Naik အား လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NRC တို့ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးအားလျော့နည်းနိုင်

**နေပြည်တော်  အောက်တိုဘာ ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးအားလျော့နည်းနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ





**နေပြည်တော်  အောက်တိုဘာ ၁၄**

နေပြည်တော်၌ အောက်တိုဘာ ၁၅ ရက်တွင်ကျင်းပမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) **(အပေါ်ပုံ)** ရဲဘော်သံခဲဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁ နာရီခွဲတွင် ဟော်လ်တန်ဟိုတယ်သို့လည်းကောင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) **(အပေါ်ယာပုံ)** မှ ဦးခွန်ဉက္ကာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၅ နာရီခွဲတွင် ရွှေ့ရယ်ပရက်ဆီးဒင့် ဟိုတယ်သို့လည်းကောင်း၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP) **(ယာပုံ)** မှ ဦးခိုင်စိုးနိုင်အောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် အေစီအီးဟိုတယ်သို့လည်းကောင်း၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) KNU/ KNLA (PC) **(ယာစွန်ပုံ)** မှ ဦးထိန်မောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဟော်ရီဇုန် လိတ်ခ်ဗျူးဟိုတယ်သို့လည်းကောင်း အသီးသီးရောက်ရှိကြသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ လေ့လာသူများအဖြစ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံး များမှ သံအမတ်ကြီးများ၊ သံတမန်များ၊ နိုင်ငံတကာအသိသက်သေအဖြစ် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





**အောက်တိုဘာ ၁၄ ရက် နံနက်က ငြိမ်းချမ်းရေးကိုလိုလားသော တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများက အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား စစ်ကြောင်းလေးကြောင်းဖြင့် ချီတက်ပြီး အောင်ဗလကွင်း၌ အခမ်းအနားဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။**

ခင်ကို(ကျောက်တံခါး)



## ညီညွတ်လျက်ပင် ထာဝစဉ်

❊ အို....လှလိုက်ပါဘိ
အမိမြေ....။
ပန်းများသင်းထုံ ရနံ့စုံဖြင့်
လွှမ်းခြုံတည်ရှိ ပြည်အမိတွင်
သံလွင်၊ ချင်းတွင်းညီညွတ်ခြင်းနှင့်
မြစ်မင်းမဟာ မြစ်ရောသို့
စီးကာစုပေါင်း ထိုစစ်တောင်းလည်း
မပြောင်းမလဲ မိရင်ထဲ၌
စီးဆင်းမြဲပင် စီးလျက်ပင်။

❊ အမိမြန်ပြည် တို့ရွှေမြေတွင်
တူနေမွေးဖွား တိုင်းရင်းသားတို့
ကယား၊ ကရင်၊ ချင်း၊ ကချင်နှင့်
ရခိုင်၊ မွန်၊ ရှမ်း၊ ဗမာပန်းလည်း
မနွမ်းပြည့်တွက် သွေးချင်းယှက်၍
ညီညွတ်လျက်ပင် ထာဝစဉ်။ ။

(အောက်တိုဘာလ ၁၅ ရက်နေ့တွင်ကျင်းပမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဂုဏ်ပြုကြိုဆိုလျက်။)

ဇင်ခန့်နိုင်

# ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားသစ်အား သံကူမြေသားနံရံစနစ်ဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးစတင်တည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Capital Construction က ချဉ်းကပ်လမ်းနှစ်ဖက်အတွက် ဂျပန်နိုင်ငံမှနည်းပညာဖြစ်သည့် သံကူမြေသားနံရံစနစ်( Earth Reinforce- ment Retaining wall )ဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးစတင်တည်ဆောက် နေသော ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းကို ယာဉ်ကြောကျပ်တည်းမှုအထိုက်အလျောက်ပြေလျော့စေရေးအတွက်စတင်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်ဟု သိရသည်။

ကမ္ဘာအေးဘုရားလမ်း ကုက္ကိုင်းမှတ်တိုင်မှ လမ်းနီမှတ်တိုင်ကြားတည်ဆောက်နေသော အဆိုပါ ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားသစ်၏ ပင်မတံတားအရှည်မှာ မီတာ ၃၅၀ ရှိပြီး တောင်ဘက်ချဉ်းကပ် တံတားအရှည်မှာ မီတာ ၇၀ နှင့်မြောက်ဘက်ချဉ်းကပ်တံတားအရှည်မှာ ၁၀၈ မီတာရှိကာ တံတားသစ်၏အရှည်မှာ စုစုပေါင်း ၅၂၈ မီတာရှိမည်ဖြစ်၍ ယာဉ်သွားလမ်း လေးလမ်းပါဝင်ကြောင်း သိရသည်။

တံတားသစ်၏အမျိုးအစားမှာ RC သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ဖောင်ဒေးရှင်းမှာဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်၍ ၁၂၀၀ မီလီမီတာ ဘိုးပိုင်အမျိုးအစားဖြစ်သည်။

တံတားသစ်စီမံကိန်းအတွက်ခင်းကျင်းဆောင်ရွက်မှုမှာ အခန်း ရှစ်ခန်းပါဝင်မည်ဖြစ်ပြီး မြောက်ဘက်ခြမ်းရှိ လေးခန်းမှာ Plate Girder အမျိုးအစားဖြစ်ကာ တောင်ဘက်ခြမ်းရှိ လေးခန်းမှ Box Girder အမျိုးအစားဖြစ်မည်ဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်းတံတားခံနိုင်ဝန် ၇၅ တန်ခံနိုင်ရည်ရှိမည်ဖြစ်ပြီး တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ကြမည့် ယာဉ်များမှာ တစ်နာရီလျှင် ကီလိုမီတာ ၆၀နှုန်းဖြင့် အမြန်ဖြတ်သန်းမောင်းနှင်နိုင်ကြမည်ဖြစ်၍ တံတားကင်းလွတ်အမြင့်မှာ ၄ ဒသမ ၉ မီတာရှိမည် ဖြစ်သည်။ ချဉ်းကပ်ခုံ(မြောက်ဘက်) A1 နှင့် ချဉ်းကပ်ခုံ (တောင်ဘက်)A2 ပါဝင်ပြီး တိုင်မကြီး ခုနစ်လုံးပါဝင်ကာလက်ရှိ အဆိုပါတံတားသစ်ဆောင် ရွက်ပြီးစီးမှုမှာ ၂၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ယခုအပတ်အတွင်း ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး တိုင်မကြီး ခုနစ်လုံးနှင့် ချဉ်းကပ်ခုံနှစ်ခု ဆောင်ရွက်မှုမှာလည်း ယခုအပတ်အတွင်းဆောင်ရွက်ပြီးစီးမည်ဖြစ်သည်။



**ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားစီမံကိန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားစီမံကိန်း၏ စီမံကိန်းမန်နေဂျာ ဦးကျော်သူရက “စီမံကိန်းလမ်းဘေးတစ်ဖက်တစ်ချက်စီ ယာဉ်များ လွယ်ကူစွာ ဖြတ်သန်းလို့ရအောင်ဆိုပြီး တံတားစီမံကိန်းမစတင်မီက အရင်ဆုံးပလက်ဖောင်းများဖျက်ပြီး ဒီလမ်းဘေးတစ်ဖက်တစ်ချက်စီကို ၁၂ ပေထိယာဉ်တစ်စီးစာ မောင်းနှင်နိုင်အောင် လမ်းချဲ့ပေးထားပါတယ်။ လာမယ့်နှစ် မတ်လအကုန် မှာယာဉ်တွေဖြတ်သန်းသွားလာလို့ရအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အဲဒီထက်စောပြီး ပြီးချင်လည်းပြီးသွားမှာပါ။ ပြောလို့မရသေးပါဘူး။ မြေနီကုန်းခုံးကျော်တံတားတည်ဆောက်တုန်းကလည်း ကျွန်တော်တို့ ခြောက်လနဲ့ အပြီးသတ်ဆောင်ရွက်ခဲ့တာပါ။ ဒီတံတားသစ်ကြီးပြီးစီးသွားရင်တော့ တံတားပေါ်မှာ လေးလမ်းသွားဖြစ်သွားပြီး တံတားအောက်က နှစ်လမ်း အပါအဝင် ယာဉ်သွားလမ်းခြောက်လမ်းသွား ဖြစ်သွားမှာပါ။ နောက်ပြီး တက္ကသိုလ်ရိပ်သာလမ်းအတိုင်းဖြတ်သန်းမောင်းနှင်ကြမယ့် ယာဉ်တွေလည်းစောင့်ဆိုင်းစရာ မလိုတော့ပါဘူး။ မြို့ထဲလာမယ့် ယာဉ်တွေကလည်း တံတားပေါ်ကနေ ချောင်လည်စွာ ဖြတ်သန်းမောင်းနှင်နိုင်ကြတော့မှာပါ” ဟုပြောသည်။

တံတားသစ်၏ လေးလမ်းသွားအကျယ်အတွက် မြောက်ဘက်ခြမ်း၌ ၁၄ ဒသမ ၆၄ မီတာဆောင်ရွက်ထားပြီး တောင်ဘက်ခြမ်း၌ ၁၂ ဒသမ ၈၉ မီတာ ဆောင်ရွက်ထားသော အဆိုပါ ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားစီမံကိန်းကို ပြီးခဲ့သည့် စက်တင်ဘာ ၁ ရက်က စီမံကိန်းလုပ်ငန်းတရားဝင်စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-စိုးဝင်း(SP)၊ ဓာတ်ပုံ-တင်လှမောင်**

# အာရှဒေသအတွင်း နျူကလီးယားလုံခြုံရေး သတင်းအချက်အလက်ဖလှယ်

**နေပြည်တော် အောက်တိုဘာ ၁၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) တို့ပူးပေါင်း၍ အာရှဒေသအတွင်း နျူကလီးယားလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒေသတွင်းအစည်းအဝေးဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ် တက်ရောက်သည်။

ဒုတိယဝန်ကြီးက နျူကလီးယားလုံခြုံရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှုများ တိုးတက်လာစေရန်အတွက် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ Nuclear Safety Law ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကြံပြုချက်များ၊ ပြည်တွင်းပြည်ပရှိ ပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ Nuclear Safety Law မူကြမ်းပြီးစီးခဲ့ပြီး နည်းဥပဒေကိုလည်း တစ်ပြိုင်တည်းရေးဆွဲနေကြောင်း၊ ထို့အပြင် နျူကလီးယားသုတေသနနှင့် အသုံးချရေးဥပဒေကိုလည်းရေးဆွဲပြီး လက်ရှိအဏုမြူစွမ်းအင်ဥပဒေကို အစားထိုးမည်ဖြစ်ပါကြောင်း၊ လက်နက်ထုတ်လုပ်နိုင်သည့် နည်းပညာပစ္စည်းများ၊ ဒြပ်ပစ္စည်းများကို ထိရောက်စွာ ထိန်းချုပ်ခြင်းသည် နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နျူကလီးယားလက်နက်မပျံ့ပွားရေး ကတိကဝတ်များ၊ အာမခံမှုများအတွက် အရေးပါသည့် ရှုထောင့်ဖြစ်ပါကြောင်း၊ နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွပစ္စည်းများ တရားမဝင်ရောင်းဝယ်ခြင်း ဖော်ထုတ်တားဆီးခြင်းများကို သေချာစေရန်အတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ နယ်စပ်ဒေသများတွင် IAEA အကူအညီဖြင့် အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်း၍ နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွပစ္စည်းတိုင်းတာသည့် စက်ပစ္စည်းများတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသားလေကြောင်းလိုင်း ဘိုးရင်းလေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းအသွင် အဆင့်မြှင့်တင်နိုင်ရန်အတွက် ဒုတိယမြောက်လေယာဉ်သစ် တစ်စင်းကို အောက်တိုဘာ ၁၃ ရက်က အမေရိကန်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာကြောင်း သိရသည်။ ယခု မြန်မာအမျိုးသား လေကြောင်းလိုင်းသို့ ဒုတိယမြောက် လေယာဉ်အဖြစ် အသစ် ထပ်မံရောက်ရှိလာသော ဘိုးရင်း- 737-800s လေယာဉ်သည် မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် အမေရိကန်နိုင်ငံ ဘိုးရင်းလေကြောင်းလိုင်း စီးပွားရေးကော်ပိုရေးရှင်းတို့ နှစ်ဦးသဘောတူနှစ်ရှည်ငှားရမ်းမှုချုပ်ဆိုထားသည့် လေယာဉ် ၁၀ စင်းအနက် ဒုတိယမြောက်ရောက်ရှိလာသော လေယာဉ်သစ် တစ်စင်းဖြစ်သည်။ အဆိုပါလေယာဉ်ကို ယခုလာမည့် ဒီဇင်ဘာလဆန်းပိုင်းတွင် ရန်ကုန်-ဟောင်ကောင်၊ ရန်ကုန်-တရုတ်(တိုင်ပေ)မြို့များသို့ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသည် ၁၆၂ ဦးအထိ တင်ဆောင်ပျံသန်းနိုင်မည်ဖြစ်သည်။ ဇွန် ၁၅ ရက်ကပထမဦးဆုံးရောက်ရှိလာသည့် ဘိုးရင်းလေယာဉ်သည်လည်း ဩဂုတ် ၁၇ ရက်မှစတင်ကာ ရန်ကုန်-စင်ကာပူလေကြောင်းလိုင်းကို နေ့စဉ်ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။




သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

**မြန်မာအမျိုးသားလေကြောင်းလိုင်းသို့ ဒုတိယမြောက်ရောက်ရှိလာသည့် ဘိုးရင်း- 737-800s လေယာဉ်ကို တွေ့ရစဉ်။**

“ဒီဘိုးရင်းလေယာဉ်တွေနဲ့ပဲ ပြည်တွင်းခရီးစဉ် ၂၆ နေရာကိုလည်း ထပ်မံပြေးဆွဲပေးသွားမှာပါ။ ဟောင်ကောင်ကို လေးရက်၊ တရုတ်(တိုင်ပေ)ကို သုံးရက်နဲ့ စင်ကာပူကိုတော့ နေ့စဉ် ဈေးနှုန်းမျှတတဲ့ နှုန်းထားနဲ့ သတ်မှတ်ပြီး ပြေးဆွဲသွားမှာ ဖြစ်ပါတယ်” ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ CEO ဦးသန်းထွန်းက ပြောသည်။

ယခုရောက်ရှိလာသော ဒုတိယမြောက် ဘိုးရင်းလေယာဉ်နှင့်အတူ အမေရိကန် NGO အဖွဲ့အစည်းများက မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများသို့ လှူဒါန်းလိုက်သည့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းလိုက်ကြောင်း သိရသည်။

# တရုတ်နိုင်ငံသား မေ့ကျန်ပစ္စည်းများအား တွေ့ရှိသူနှင့် ရဲတပ်ဖွဲ့တို့က ပြန်လည်အပ်နှံ

**ရန်ကုန် အောက်တိုဘာ ၁၄**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူးရုံး (ရန်ကုန်) သို့ အောက်တိုဘာ ၁၂ ရက်မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသား တစ်ဦး၏ ပစ္စည်းများ ထည့်ထားသည့် အိတ်တစ်လုံးကို ကိုမျိုးမင်းအောင်အပါအဝင် သုံးဦးတို့က ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၌ တွေ့ရှိပြီး လာရောက်အပ်နှံခဲ့ရာ တပ်ဖွဲ့စုမှူး ဒုရဲမှူးသန်းမြင့်ဇော်နှင့် တာဝန်ရှိသူများက ပစ္စည်းများကို ခေတ္တလက်ခံထားပြီး ပစ္စည်းပိုင်ရှင်ထံ ပြန်လည်အပ်နှံနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးသို့ ဆက်သွယ်အသိပေးခဲ့သည်။

ပိုင်ရှင်မှာ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အိုလံပစ်ဟိုတယ် Jewellery Luck Architectural Group ၌ ဗိသုကာပညာရှင်အဖြစ် လုပ်ကိုင်နေသူ တရုတ်နိုင်ငံသား Mr. Duan Yu ဖြစ်ကြောင်းသိရပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (ရန်ကုန်) နှင့် ကိုမျိုးမင်းအောင် (ခ) ကိုပြည့်စုံတို့အဖွဲ့က ပိုင်ရှင်ထံဆက်သွယ်ပြီး နိုင်ငံကူးလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ လေယာဉ်လက်မှတ်၊ ATM ကတ်၊ အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်ငွေ၊ မြန်မာ ကျပ်ငွေများ အပါအဝင် မေ့ကျန်ပစ္စည်းများကို ယင်းနေ့ညနေ ၅ နာရီက ပြန်လည်လွှဲပြောင်းအပ်နှံနိုင်ခဲ့ကြောင်း သိရသည်။ **သန့်ဇင်ထွန်း**

# တာဝန်သိပြည်သူနှစ်ဦးကြောင့် မီးရထားစီးခရီးသည်များ အသက်ဘေးအန္တရာယ်ကင်းလွတ်ခဲ့

**ကံမ အောက်တိုဘာ ၁၄**

သရက်ခရိုင် ကံမမြို့၌ ကံမ-သရက် ပြေးဆွဲနေသော RBE 199 (အဆန်) ခရီးသည်တင် မီးရထားသည် အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီခွဲက ကံမဘူတာမှ စတင်ထွက်ခွာလာရာ ပုဇင်းနိမ့်ကျေးရွာအနီး၌ တာဝန်သိပြည်သူနှစ်ဦး၏ အချက်ပြရပ်တန့်စေခဲ့မှုကြောင့် မီးရထားရပ်ခဲ့ပြီး ရထားတွဲထိန်းက အကျိုးအကြောင်း မေးမြန်းရာ ရှေ့နားတွင် ရထားလမ်းပိုင်း ကျိုးပဲ့နေကြောင်း သိရသည်။

အဆိုပါ နေရာကို မီးရထားမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ကံမဘူတာနှင့် သရက်တောဘူတာအကြား မိုင်တိုင်အမှတ် (၂၄၈/၉-၁၀) ကြားရှိ ရေထွက်ပေါက်တံတားငယ်၏ ကံမဘက်ခြမ်း ချဉ်းကပ်လမ်းတာပေါင်ပေ ၄၀ ခန့်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပျက်လျက်ရှိကြောင်း သိရသည်။

တာဝန်သိပြည်သူနှစ်ဦးကြောင့် မီးရထားစီးခရီးသည်များ အသက်ဘေးမှ ကင်းလွတ်ခဲ့ပြီး မီးရထားမှာ ကံမဘူတာသို့ ပြန်လည်မောင်းနှင်ခဲ့ရကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

# ကလောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီး မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက်က ကလောမြို့နယ်အထွက် ခုနစ်မိုင်ခန့် အကွာ ကားလမ်းမပေါ်တွင် ကလော ဘက်မှသာစည်ဘက်သို့ အောင်မိုးဇော်မောင်းနှင်ပြီး မပိုးဉနှင့်မသိင်္ဂီကို တို့လိုက်ပါလာသည့် ယာဉ်အမှတ် YGN. . . .၊ CEDRIC မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်မောင်း အောင်မိုးဇော်ထိုင်နေသည့် ထိုင်ခုံ ရှေ့ရှိ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ နှင့် ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် အောင်မိုးဇော်(၃၈နှစ်)၊ မပိုးဉ (၂၂နှစ်)နှင့် မသိင်္ဂီကို(၂၀နှစ်)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင်သယ်ဆောင်လာသောကျွဲများ ဖမ်းဆီးရမိ

**မော်လမြိုင် အောက်တိုဘာ ၁၄**

မုဒုံမြို့မှ မော်လမြိုင်မြို့သို့ တရားမဝင် ကျွဲ၊ နွားများတင်ဆောင်နေကြောင်း သတင်းရရှိသဖြင့် မုပွန်နယ်မြေရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ဈေးကြို ရပ်ကွက် စမ်းကြီးရပ် ခမရ(၁၀၄) တပ်ရှေ့ တက္ကသိုလ်ပတ်လမ်းတွင် စောင့်ဆိုင်းနေစဉ် အောက်တိုဘာ ၁၂ ရက်က မုဒုံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ISUZU မော်တော်ယာဉ်နှင့် HINO မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မောင်းကျော်သီဟ (၃၂ နှစ်) မောင်းနှင်သည့်ယာဉ်ပေါ်တွင် ကျွဲ ၁၄ ကောင်နှင့် ယာဉ်မောင်းဇေယျာလင်း မောင်းနှင်သည့်ယာဉ်ပေါ်တွင် ကျွဲ ၁၅ ကောင်တို့ကို တွေ့ရှိစစ်ဆေးခဲ့ရာ သယ်ဆောင်ခွင့်၊ ခွင့်ပြုချက် အထောက်အထားများ ပြသနိုင်ခြင်း မရှိသဖြင့် မော်တော်ယာဉ်နှစ်စီးနှင့် ကျွဲ ၂၉ ကောင်တို့ကို သိမ်းဆည်းပြီး ယာဉ်မောင်းနှစ်ဦးနှင့် ယာဉ်နောက်လိုက်နှစ်ဦးတို့ကို မုပွန်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(လ/၀၁၂)**

# အရှိန်မထိန်းနိုင်သောယာဉ် ဆိုင်ကယ်နှင့်အုတ်နံရံကိုဝင်တိုက်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အနောက် ရပ်ကွက် ကမ်းနားလမ်းအတိုင်း မြောက်ဘက်မှတောင်ဘက်သို့ ကြက်ခြင်းများတင်ဆောင်လာသည့် ကင်ဒါ(အဖြူရောင်)8G/----သည် အောက်တိုဘာ ၁၃ ရက် ည ၇ နာရီခန့်က သစ်တောလမ်း တိုးဂိတ်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား တိုက်မိပြီး ထပ်မံ၍အုတ်နံရံကို ဝင်တိုက်ကာ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ပေါ်မှ ဦးချစ်ဦး၊ ဒေါ်ညွန့်ညွန့်ဝင်းနှင့် မချယ်ရီ (ရှစ်လသမီး)တို့ ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ထားကြောင်း သိရသည်။



ယာဉ်တိုက်မှုဖြစ်စဉ်တွင် ကင်ဒါမောင်းနှင်သောယာဉ်မောင်းမှာ တိမ်းရှောင်နေဆဲဖြစ်ပြီး ၎င်းအလုံမြို့နယ်မြို့မရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မှုခင်းသတင်းတိုများ

### စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မန္တလေး**

အောက်တိုဘာ ၁၂ ရက်က မဟာအောင်မြေမြို့နယ်နေ ထွန်းအေး (ခ)ထွန်းထွန်းအေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်အတွင်းမှ ဘိန်းဆီခဲ အလေးချိန် ၈၀၅ ဂရမ်၊ 88 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ပြားနှင့်အတူ ဖုန်းတစ်လုံးတို့ကို သက်သေများနှင့်အတူ ရှာဖွေတွေ့ရှိခဲ့သည်။

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို ကွတ်ခိုင်မြို့နယ် နမ့်ကွတ်ရွာနေ မအေးမွှေးထမင်းဆိုင်ထံမှ ငွေကျပ် ၁၃ သိန်းဖြင့်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း အောက်တိုဘာ ၁၀ ရက်က ဝယ်ယူခဲ့ကြောင်းသိရှိရသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူနှင့် မအေးမွှေးထမင်းဆိုင် နမ့်ကွတ်ရွာ ကွတ်ခိုင်မြို့ နယ်နေသူတို့နှစ်ဦးကို အမှတ်(၉)မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**ကွတ်ခိုင်**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်-ကွတ်ခိုင်လှုပ်ရှားအဖွဲ့မှ ကွတ်ခိုင်မြို့ ရပ်ကွက်(၃) ပိလောက်ဝူ၏နေအိမ်ကို အောက်တိုဘာ ၁၂ ရက်က သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ 88 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၈ ပြားကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးများလက်ဝယ်ထားရှိသူ ပိလောက်ဝူ (၄၈ နှစ်)ကို ကွတ်ခိုင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

**မူဆယ်**

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မြို့ပေါ်လှုပ်ရှားအဖွဲ့မှ ရဲအုပ်စိုးအောင်ဦးစီးအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အောက်တိုဘာ ၁၃ ရက်က တောင်ရပ်ကွက်နေ နန်းအေးအေးမျိုး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ 88 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၈ ပြားနှင့် ဘိန်းဖြူမှုန့်အလေးချိန် ၂ ဒသမ ၅ ဂရမ်ခန့်တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများနှင့် လက်ဝယ်တွေ့ရှိသူ နန်းအေးအေးမျိုးကို မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မသင်္ကာဖွယ်တွေ့ရှိသူတစ်ဦး အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် သပိတ်ကျင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီက သက်သေများနှင့်အတူ နယ်မြေအတွင်းသတင်းစုံစမ်းနေစဉ် သပိတ်ကျင်းမြို့နယ် ခုနစ်မိုင်ကျေးရွာလမ်းဆုံအရောက်၌ (လိုင်စင်စိစစ်ဆဲ) FOLLOW ME-125 ဆိုင်ကယ်ဖြင့် မသင်္ကာဖွယ်တွေ့ရှိသူတစ်ဦးအား စစ်ဆေးခဲ့ရာ စဉ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာနေ ရဲအောင်(၂၇နှစ်)သည် အဆိုပါဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာ ပြသနိုင်ခြင်းမရှိသဖြင့် ၎င်းကို သပိတ်ကျင်းမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**


## (၁၀)တန်းတွင်ဂုဏ်ထူးရရှိသော သားသမီးများအတွက် အစည်းအရုံးဝင်များလျှောက်ထားနိုင်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား နှစ်စဉ်ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည့် အစဉ်အလာရှိပါသည်။ သို့ပါ၍ ၂၀၁၄/၂၀၁၅ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ ပူးတွဲပါအချက်များဖြင့် ၂၈-၁၀-၂၀၁၅ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

(၁) မိဘ၏အစည်းအရုံးဝင်ကတ်မိတ္တူ
(၂) သန်းခေါင်စာရင်းမိတ္တူ
(၃) လိုင်စင်ဓာတ်ပုံ (၂)ပုံ
(၄) ဂုဏ်ထူးရရှိကြောင်းအမှတ်စာရင်း မူရင်း၊ မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံလာရောက်ထုတ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

### ဖခင်အမည်မှန်

အထက(ခွဲ)အိမ်ရာ (၁) မင်းဘူး တက္ကသိုလ်ဝင်တန်းမှ မမွန်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဦး ဖြစ်ပါကြောင်း။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

### ဖခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(စ)မှ မောင်ရန်ကျော်ထက်နှင့် နဝမတန်း(ဆ)မှ မောင်ရဲထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဟာစနားဘီ (KMW-၁၃၇၆၆၆)၏ Passport (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၂၀၅၇

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သိန်းမြင့် ၁၂/ဒလန(နိုင်) ၀၁၂၃၀၆ ၏ ယာဉ်လိုင်စင် 1H/5334 ၏ နံပါတ်ပြား ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၉၄၈၁၀၉၁

### ဖခင်အမည်မှန်

မြင်းခြံမြို့၊ ကံသာအောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းဝင်မှတ်ပုံတင်အမှတ် က-၀၁၅၀ တက္ကသိုလ်ဝင်တန်း(က)မှ မသုရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးတိုးတိုး(ခ)ဦးတိုးတိုးခိုင် ၉/မခန(နိုင်)၀၄၈၆၆၈ ဖြစ်ပါကြောင်း။

## ရန်ကုန်စတော့အိပ်ချိန်း၏ ဆုရ Logo နှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်စတော့အိပ်ချိန်း Logo ဒီဇိုင်းပြိုင်ပွဲ၏ဆုရလိုဂိုအဖြစ် ပြိုင်ပွဲဝင် ဦးမင်းသစ္စာ၏ အောက်ဖော်ပြပါ Logo ဒီဇိုင်းအား ရန်ကုန်စတော့အိပ်ချိန်း Logo ဒီဇိုင်းရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါဆုရ Logo အား ရန်ကုန်စတော့အိပ်ချိန်း၏ကုမ္ပဏီအမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွားမည်ဖြစ်ပြီး Logo နှင့်စပ်လျဉ်းသည့် မူပိုင်ခွင့်၊ အခြားသော ဉာဏပစ္စည်းဆိုင်ရာ ပိုင်ဆိုင်ခွင့်များ၊ ရပိုင်ခွင့် အခွင့်အရေးများအားလုံးအား ရန်ကုန်စတော့အိပ်ချိန်းမှ ပိုင်ဆိုင်ခွင့်ရယူသွားမည်ဖြစ်ကြောင်း အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

YANGON STOCK EXCHANGE

### ပျောက်ဆုံးကြောင်း

ကျွန်မ မအုံးမြင့် ၁၀/မဒန(နိုင်) ၁၂၄၆၉၅ ၏ Passport(No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၁၆၂၁၂၆၃

## အမြန်ဆက်သွယ်ပါ

အမေဖြစ်သူ ဒေါ်ကေသီနှင့် သားဖြစ်သူ ကိုမင်းအောင် ရောက်ရာအရပ်က အမြန်ဆက်သွယ်ပါ။

ဖုန်း-၀၉-၇၈၄၃၁၉၆၅၇
နန်းနန်းလေး(ခ)မိုးယမင်း

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မမိုးသိင်္ဂီ၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၈/ဆမန(နိုင်)၀၆၂၂၁၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ဆောမြို့၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မတလွန်ဇဒိမ်းနှင့် နဝမတန်း(c)မှ မပါရ်ချင်းတို့၏ ဖခင်အမည်မှန်မှာ ဦးခွီအွမ်း ၄/မတပ(နိုင်) ၀၂၆၆၀၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ကျောက်ထုမြို့နယ်ခွဲ ရွှေကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်ရှိန်းဝင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြမ်း ၈/ဆမန(နိုင်)၀၂၄၁၉၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်9F/6854၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ရေစီးကသန် လှိုင်းကထန်တဲ့ ညတစ်ည

**ရတနာသိင်္ဂီ(ကလေး)**

၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက် (၃၀-၇-၂၀၁၅) ကြာသပတေးနေ့ညက အမျိုးသား ၁၅ ဦးကို အသက်စွန့်၍ ရေဘေးကကယ်ခဲ့တဲ့ တကယ့်အဖြစ်အပျက်ကိုရေးသားဖို့ ရည်ရွယ်ခဲ့ပေမယ့် ရေလျှံအပြီး ရေပြန်ကျသွားသော်လည်း သန့်ရှင်းရေးဝင်ရ၊ အလှူရှင်များလာရင် လက်ခံရ၊ ပြန်ပြီးဝေငှရနဲ့ စာရေးဖို့အချိန် မပေးနိုင်ခဲ့ဘူး။ အခုတော့ ရှင်းလင်းသလောက် ရှင်းပြီးပြီ၊ အလှူရှင်များလည်း ကျဲသွားပြီမို့ စာရေးချိန်ရခဲ့ပြီ။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးမြို့နှင့် ချင်းပြည်နယ်တို့မှာ မိုးကအဆက်မပြတ်ရွာနေလို့ ဒုတိယဝါဆိုလဆန်း ၁၁ ရက် (ဇူလိုင် ၂၇ ရက်)နေ့ရောက်တော့ မြစ်သာရေက တောင်ဦးရွာ တောင်ဘက်ခြမ်း မြေနိမ့်ပိုင်းကို စဝင်နေပြီ။ ၂၈ ရက်နဲ့၂၉ ရက်တွေမှာ တစ်ရွာလုံးရဲ့ မြေနိမ့်ပိုင်းကအိမ်တွေ ကြမ်းပြင်အထိရောက်လို့ အချို့ မြို့သာ၊ အဖွဲ့စက် စတဲ့နီးစပ်ရာဆွေမျိုးအိမ်တွေဆီ ပြောင်းနေကြပြီ။ အဲဒီပြောင်းကြတဲ့အထဲမှာ တောင်ဦးရွာက ဦးစိုးတင့်-ဒေါ်ခင်သန်း မိသားစုတို့လည်း ပါတယ်။ သားကြီးနှစ်ယောက်ဖြစ်တဲ့ ကိုလှဝင်းနိုင်(ကိုဖိုးပြူး)နဲ့ ကိုလှဝင်းကြိုင်(ကိုမိုး)တို့ကတော့ နေ့ခင်းပိုင်းတစ်ချိန်လုံး ရွာကရေဘေးရှောင်ကြတဲ့လူတွေကို စက်တပ်လှေလေးနဲ့ ကူညီပြီး ရေလွတ်ရာကိုပို့ပေးနေကြတယ်။ မိုးချုပ်လို့ နားချင်ပေမယ့် အကူအညီတောင်းလာရင် မိုးတဖွဲဖွဲကျနေတဲ့အထဲက လိုရာခရီးကို လိုက်ပို့လိုက်သေးတယ်။ မည်သူ့ထံမှ လှေပို့ခ မတောင်းပေ၊ စေတနာသက်သက်သာ။ သူများကို ကူညီချင်တဲ့စေတနာ၊ ဒုက္ခရောက်နေသူကို ကယ်ချင်တဲ့စိတ်ကောင်းရှိတဲ့ ညီအစ်ကိုတွေပါ။

ဒုတိယဝါဆိုလဆန်း ၁၄ ရက် ဇူလိုင် ၃၀ ရက်နေ့ဟာ ရေအတက်ကြမ်း၊ အတက်မြန်တဲ့နေ့၊ ချောင်းရေတွေ အကျကြမ်းတဲ့နေ့၊ ချင်းဆိုင်ကျေးရွာက အမျိုးသား ၁၅ ဦးကို အသက်စွန့်၍ ကယ်ခဲ့ရတဲ့နေ့။

တစ်နေ့မှာ ကိုလှဝင်းကြိုင်(ကိုမိုး)နဲ့တွေ့ဆုံလို့ သူတို့ညီအစ်ကိုနှစ်ယောက် လူ ၁၅ ဦးကို ခက်ခက်ခဲခဲ အသက်စွန့်ကယ်ခဲ့ရတဲ့အကြောင်း ပြောပြကြပါတယ်။ ဘယ်နေရာမှာလဲ၊ ဘယ်ရွာကလူတွေကို ကယ်ခဲ့ရတာလဲလို့မေးတော့ ဇင်းကလင်းနဲ့ ချင်းဆိုင်ရွာအကြား ရေပြင်ကြီးဖြစ်သွားတယ်။ ချင်းဆိုင်ရွာဘက်ခြမ်း သံလမ်းကုန်းမြင့်နားအထိ ရေတွေရောက်နေတာ အဲဒီနားမှာ ကယ်ခဲ့ရတယ်။ ဘယ်ရွာတွေလည်းတော့ မသိဘူး။ ည ၈ နာရီ နောက်ပိုင်းမှာဆိုတော့ လူတွေလည်း မမှတ်မိဘူး။ အဲဒီမှာ ဘုန်းကြီးတစ်ပါးက အသံချဲ့စက်နဲ့အော်ပေးနေတယ်။ ဘယ်ရွာက ဘုန်းကြီးလဲ ချင်းဆိုင်ကလား၊ သာစည်ကလားမေးတော့ မသိဘူးဖြစ်နေတယ်။

ဒါနဲ့ သေသေချာချာသိရအောင် စာရေးသူနဲ့ ကိုလှဝင်းကြိုင်(ကိုမိုး)တို့ သားအဖ ချင်းဆိုင်မြောက်ကျောင်း ဆရာတော်ထံ ဝင်ရောက်စုံစမ်းကြည့်လိုက်မှ သဲသဲကွဲကွဲ သိရတော့တယ်။

**စာရေးသူ** ။ **ဆရာတော်- ဒါ ကိုလှဝင်းကြိုင်လို့ခေါ်ပါတယ်။ တပည့်တော်တို့ တောင်ဦးရွာသားပါ၊ သူတို့ ညီအစ်ကိုနှစ်ယောက် ဒုတိယဝါဆိုလဆန်း ၁၄ ရက် ညက ဇင်းကလင်းချောင်းရေကျလို့ အမျိုးသား ၁၅ ဦး ရေလယ်ပြင်မှာ ဒုက္ခရောက်နေတာ ကယ်ခဲ့ရတယ်လို့ ပြောပါတယ်၊ အရှင်ဘုရားများ သိမလားလို့ လာလျှောက်ကြည့်တာပါ။**

ဆရာတော် ။ ဟာ သိတာပေါ့။ အဲဒါ ဘုန်းကြီးတို့ရွာသားတွေပါ။

**စာရေးသူ** ။ **ဒီလိုဆိုရင် အကယ်ခံရတဲ့ တစ်ဦးနှစ်ဦးလောက်နဲ့တွေ့ချင်ပါတယ်။ ခေါ်ပေးလို့ရမလား။ ကယ်ခတောင်းမလို့ မဟုတ်ပါဘူး ဘုရား၊ မှတ်တမ်းလေးတင်ချင်လို့ပါ။**

ဆရာတော် ။ ရပါတယ်၊ ခဏစောင့်နေပါ၊ ခေါ်ပေးပါမယ်။

ဆရာတော်က ကိုစိန်ညိုဆိုတဲ့ လူတစ်ယောက်ကို ခေါ်ခဲ့ဖို့ ကျောင်းသားကြီးတစ်ယာက်ကို ခိုင်းလိုက်ပါတယ်။ ကိုစိန်ညိုမရောက်ခင် ဆရာတော်က အဲဒီနေ့က အဖြစ်အပျက်တွေကို ပြောပြကြပါတယ်။

"နံနက်ခင်းနဲ့ နေ့လယ်ခင်းပိုင်းလောက်က ချောင်းရေ များများမတက်သေးဘူးဗျ။ ညနေခင်းလောက်ကျမှ ရေက တအားကျလာပုံရတယ်။ ဘုန်းကြီးထံ အကြောင်းကြားလာတော့ နေဝင်စပြုနေပြီ။ ဘုန်းကြီးရောက်သွားတော့ သံလမ်းပေါ်တစ်လျှောက်လုံးက လူတွေဝိုင်းသာကြည့်နေကြတယ်။ ဘာလုပ်ရမှန်းမသိဖြစ်နေကြတယ်။ ဒါနဲ့ ဘုန်းကြီးက ကယ်ဆယ်ဖို့လှေသမားတွေရှာတော့ တွေ့တော့တွေ့တယ်။ မကယ်ရဲဘူးတဲ့၊ သူတို့ရေကြောက်တယ်ဆိုပြီး ငြင်းကြတယ်။ ဒါနဲ့ လူလွှတ်ပြီး မြို့သာဘက်သွားရှာခိုင်းလိုက်တယ်။ ဒီညီအစ်ကိုနှစ်ယောက်ပါလာတယ်၊ ဒီလိုနဲ့ ပြင်ရ၊ ဆင်ရ ကယ်မယ့်သူရှာရတာနဲ့ ည ၈ နာရီလောက်အထိရှိသွားပြီ။ ရေလယ်မှာက ခုနစ်ဦးတစ်စု၊ ရှစ်ဦးတစ်စု ဖြစ်နေတယ်။ ရေလှိုင်းက ထန်ထန်၊ ရေစီးက သန်သန်မို့ ဘာအသံမှ မကြားရတာနဲ့ ကျောင်းမှာ အသံချဲ့စက်သွားယူ အသံချဲ့စက်နဲ့လှမ်းပြီး အော်ရတယ်။ ဒီအတိုင်းနေကြ မင်းတို့ကို လာကယ်မှာ ရတဲ့သစ်ပင်ကို မြဲမြဲဆွဲထားကြလို့ လှမ်းအော်ရတယ်။ ကားသမားတွေကိုလည်း ကားရှေ့မီးထိုးခိုင်းထားရတယ်၊ တော်ပါသေးတယ်၊ ကယ်တဲ့သူတွေကလည်း ကျွမ်းကျင်လို့ သေကံမရောက် သက်မပျောက်ဘဲ ကံကောင်းခဲ့ရတယ်။"

ခေါ်ခိုင်းလိုက်တဲ့ ကိုစိန်ညိုရောက်လာလို့ ဆရာတော်နဲ့စကားဖြတ်ပြီး သိချင်တာလေးတွေ ကိုစိန်ညိုကို မေးလိုက်ပါတယ်။

**စာရေးသူ** ။ **ကိုစိန်ညိုက ချင်းဆိုင်ရွာကပဲနော်။**

ကိုစိန်ညို ။ ဟုတ်ပါတယ်။

**စာရေးသူ** ။ **ကိုစိန်ညိုတို့ကို ကယ်ခဲ့တဲ့ညက ဖြစ်ပျက်ပုံကို ရှင်းပြပေးပါဦး။**

ကိုစိန်ညို ။ ကျွန်တော်တို့က ဆွေမျိုးတွေရှိတဲ့ ရေလည်းဦးရွာကိုသွားပြီး ပဲနဲ့စပါးတွေ ကူပြီး ရေလွတ်ရာကို သယ်နေကြတာ။ ကူညီအပြီး ချင်းဆိုင်ရွာကို ပြန်အလာမှာ ချောင်းရေနဲ့ မိတော့တာပဲ။

**စာရေးသူ** ။ **ကိုစိန်ညိုတို့ ရေလည်းဦးရွာကိုသွားပြီး ကူညီကြစဉ်က ချောင်းရေမလာသေးဘူးလား။**

ကိုစိန်ညို ။ ဘယ်လာသေးမလဲ၊ မြစ်သာမြစ်ရေတက်ပြီး ပဲတွေစပါးတွေမြုပ်မှာစိုးလို့ ချောင်းရေလာမယ် မထင်ဘူး။

**စာရေးသူ** ။ **ချောင်းရေထဲတော့ လူဘယ်နှယောက်လောက်ရှိလဲ။**

ကိုစိန်ညို - ကျွန်တော်တို့အဖွဲ့ ၁၅ ယောက်ဗျ။ ခုနစ်ယောက်တစ်ဖွဲ့၊ ရှစ်ယောက်တစ်ဖွဲ့ ကွဲသွားတာ။ ကျွန်တော်တို့ ရှစ်ယောက်အဖွဲ့က ကုက္ကိုပင်တွယ်ကပ်ပြီး နေရတယ်။ ဟိုခုနစ်ယောက်အဖွဲ့ကလည်း လမ်းဘေးကုက္ကိုပင်ကြီးလဲနေတဲ့နေရာ ဒိုက်တွေတင်နေလို့ အဲဒီမှာ မှီခိုရာရသွားတယ်။

**စာရေးသူ** ။ **ရေစီးကသန်သလား။**

ကိုစိန်ညို ။ ဟာ ရေစီးကတော့ သစ်ပင်တွေ၊ တုံးတွေ၊ တိုင်တွေ မျောပါအောင်အထိ သန်တာ၊ ရေလှိုင်းကလည်း လေးပေလောက်မြင့်မလား။ပဲ။

**စာရေးသူ** ။ **ဘယ်အချိန်မှာဖြစ်တာလဲ။**

ကိုစိန်ညို ။ ညနေခင်း မှောင်ရီပျိုးစ၊ ရေလည်းဦးရွာက အပြန် ရွာပြန်မရောက်ခင် ရေလှိုင်းကြီးတွေနဲ့ ရေစီးကသန် ဘယ်လိုမှသွားလို့ကူးလို့မရအောင် ဖြစ်နေတာ။ ကံကောင်းလို့ ကုက္ကိုပင်အမှီရတာ။ ရေကကြီးလေများလေ၊ မှောင်လေရေစီးသန်လေ၊ လှိုင်းကကြီးလေဖြစ်နေတာ။

**စာရေးသူ** ။ **အဲဒီလိုရေထဲမိနေတာ၊ ရေလယ်ကောင်ရောက်နေတာ ဘယ်သူက စသိတာလဲ။**

ကိုစိန်ညို ။ ကယ်ကြပါဗျို့လို့ အကြိမ်ကြိမ် လှမ်းအော်ရတယ်။ အဲဒီအခါမှ လူတွေသိကြတာ၊ ဘုန်းကြီးသွားလျှောက်ကြလို့ ဘုန်းကြီးရဲ့ အစီအစဉ်နဲ့ ကျွန်တော်တို့ကို ကယ်ယူကြတာ။

**စာရေးသူ** ။ **အကယ်ခံခဲ့ရတဲ့သူတွေရဲ့ နာမည်တွေ ပြောပြနိုင်မလား။**

ကိုစိန်ညို ။ ပြောပြနိုင်ပါတယ်။ ကိုစိန်မွေး၊ ကိုထွန်းမြင့်၊ ကိုမြင့်မောင်၊ ကိုသန်းလင်း၊ ဦးတိုး၊ ကိုဖိုးလုံး၊ ကိုတက်တိုး၊ ကိုမင်းသူ၊ ကိုလင်းသူ၊ ကိုအေး၊ ကိုဝေဖြိုးအောင်၊ ကိုဇင်မင်းနိုင်၊ ကိုမင်းလတ်၊ ကိုဖိုးသားကြီးနဲ့ ကျွန်တော်ပါ။

**စာရေးသူ** ။ **အသက်ကယ်ခဲ့တဲ့ ဟောဒီက ကိုလှဝင်းကြိုင်(ကိုမိုး)တို့ကို ဘာများပြောချင်ပါလဲ။**

ကိုစိန်ညို ။ ပြောစရာတွေအများကြီးပါဗျာ။ ကိုလှဝင်းကြိုင်နဲ့ ကိုလှဝင်းနိုင်တို့ ညီအစ်ကိုနှစ်ယောက်ပေးတဲ့ အသက်ပဲကျန်တော့တယ်။ အဲဒီနေ့ညက ကျွန်တော်တို့ သေပြီလို့မှတ်တာ။ လူတိုင်းလည်း ကယ်နိုင်မှာ မဟုတ်ဘူးဗျ။ သူတို့က ရေအကြောင်း လှေအကြောင်း တော်တော်နားလည်ပြီး ကျွမ်းကျင်လို့ အသက်ရှင်ရတာ။ ရေစီးကတအားသန်တယ်။ လှိုင်းပုတ်တာလည်း သန်တယ်။ လေးငါးပေလောက် လှိုင်းက မြင့်မြင့်တက်လာတာ၊ ကုန်းပေါ်မရောက်မချင်း ဘုရားတနေရတာ၊ မကျွမ်းကျင်ရင် ကျွန်တော်တို့ရော၊ ကယ်တဲ့သူပါ သေမှာဗျ။

ကျွန်တော်တို့ ခိုကပ်နေတဲ့နေရာနဲ့ သံလမ်းကုန်းမြင့်နေရာဟာ တအားကြီးတော့ မဝေးလှဘူးဗျ။ ရေစီးမသန်လှိုင်းမထန်ရင် ခဏလေး ကုန်းပေါ်ရောက်နိုင်တယ်။ ဒါပေမယ့် ကိုလှဝင်းကြိုင်တို့က ခင်ဗျားတို့ လှေပေါ် နှစ်ယောက်သုံးယောက်ပဲ တက်နော်တဲ့၊ လူအများကြီးနဲ့ဆို အကုန်သေကုန်မှာ၊ ရေစီးရေလာကို ကြည့်ပြီး မောင်းရမှာ ဒီအတိုင်းကန့်လန့်ဖြတ်ပြီးမောင်းလို့ မရဘူး ဆိုပြီး နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ တင်ပြီး သက်စွန့်ဆံဖျား ကယ်ယူတယ်ဗျာ။

**စာရေးသူ** ။ **ဒါနဲ့ ကိုလှဝင်းကြိုင်တို့ရဲ့ စက်တပ်လှေက နှစ်ယောက်၊ သုံးယောက်ပဲ ဆန့်တာလား။**

ကိုလှဝင်းကြိုင် ။ လှေက ရှစ်ယောက်ဆံ့တဲ့ လှေလေးပါ။ နှစ်ယောက်၊ သုံးယောက်ထက် ပိုတင်ရင် ရေစီးသန်လို့ လှိုင်းပုတ်တာနဲ့ လှေကမှောက်မှာ၊ ဒါကြောင့် လူခွဲတင်ရတာ။

**စာရေးသူ** ။ **ဒါဆို လူနည်းနည်းချင်း ခွဲတင်ရတော့ အကြာကြီးနေမှာပေါ့။**

ကိုလှဝင်းကြိုင်။ ည ၈ နာရီလောက်ကစပြီး ကယ်တင်ရတာ၊ နံနက် ၂ နာရီ ၃ နာရီလောက်ကျမှ ပြီးတယ်။ ကျွန်တော်တို့အားလုံး ကံကောင်းတာက အားလုံးလည်းပြီးရော အင်ဂျင်စက်လဲ ဘာမှရစရာမရှိအောင် ပျက်စီးသွားတယ်။

**စာရေးသူ** ။ **သူတို့ကပြန်ပြီးမကူညီကြဘူးလား။**

ကိုလှဝင်းကြိုင် ။ ကျွန်တော်တို့က ရလိုမှုနဲ့ ကူညီတာမှမဟုတ်တာ။ အချင်းချင်း ကူညီရမယ့် တာဝန်ရှိတယ်ဆိုတဲ့ အသိနဲ့ ကူညီတာပါ။

**စာရေးသူ** ။ **ကယ်ခဲ့ရတဲ့ အခက်အခဲတွေကို ပြောပြပါဦး။**

ကိုလှဝင်းကြိုင် ။ နေ့ခင်းမဟုတ်လို့ မြင်မြင်ထင်ထင် မရှိလှဘူး။ ကားမီးရောင်နဲ့သာ တုံးတွေ၊ တိုင်တွေ၊သစ်ပင်ကြီးတွေ၊ ဒိုက်တွေရှောင်ပြီး မောင်းရတယ်၊ ရေစီးရေလာကိုကြည့်ပြီး မောင်းရတယ်။

ရေစီးကတအားသန်၊ တအားမြန်တော့ သစ်တုံးကြီးတွေများ၊ လှေကိုဝင်ဆောင့်ရင် အကုန်သေမှာ၊ ကယ်သာကယ်နေရတာ ငါလှေမှောက်ပြီး ရေထဲရောက်လို့ အသက်ပျောက်သွားနိုင်တယ်လို့ သတိရှိနေတယ်။ လှိုင်းလုံးနဲ့အတူ မျောပါလာတဲ့ သစ်တုံးကများ လှေပေါ်က လူတွေရိုက်ချပစ်မှာလဲစိုးရိမ်နေတယ်၊ ကြောက်ရင် ပိုဆိုးတယ်၊ အားတင်းပြီး စွန့်စားရတယ်။"

စာရေးသူတို့လည်း ဇင်းကလင်းရွာနဲ့ ချင်းဆိုင်ရွာကြား ရေပြင်ကြီးဖြစ်သွားတဲ့နေရာကို သွားရောက်လေ့လာကြည့်ကြပါတယ်။ အရင်ကချောင်းကျယ်ကျယ် တစ်ချောင်းသာရှိပါတယ်။ အခုတော့ သုံးမြွာကွဲပြီး ချောင်းသုံးချောင်းဖြစ်သွားပါတယ်။ ကိုစိန်ညိုတို့အဖွဲ့ ရေထိတဲ့နေရာကြည့်လိုက်တော့ တုံးတွေ၊တိုင်တွေ၊ ဒိုက်တွေနဲ့ သဲသောင်ပြင်ကြီးဖြစ်နေတာ တွေ့ရပါတယ်။ ရေစီးကြမ်းမယ်ဆိုတာ ခန့်မှန်းလို့ ရပါတယ်။

လူ ၁၅ ဦး အသက်မပျောက်ဘဲ ကိုယ့်ရွာ၊ ကိုယ့်အိမ်ပြန်ရောက်ကြတာဟာ ချင်းဆိုင်မြောက်ကျောင်းဆရာတော် ဥူးပညာဒီပရဲ့ စီစဉ်ဆောင်ရွက်မှု တောင်ဦးရွာက ကိုလှဝင်းကြိုင်၊ ကိုလှဝင်းနိုင်တို့ ညီအစ်ကိုနှစ်ယောက်တို့ရဲ့ မွန်မြတ်တဲ့စိတ်နဲ့ ရေစီးသန်သန် လှိုင်းထန်ထန်မှာ အသက်စွန့်ကယ်ခဲ့တဲ့အကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာနတွေ လျော့ကျနိုင်ကြပါစေ။ လူအချင်းချင်း ရိုင်းပင်းကြပါစေ။

# ကျောင်းသား ကျောင်းသူများအား လမ်းဖြတ်ကူးနည်းပညာပေး




**ထားဝယ် အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်ကာ လမ်းဖြတ်ကူးနည်းများကို နေ့စဉ်အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထားဝယ်မြို့တွင် မော်တော်ယာဉ်မျိုးစုံနှင့် မော်တော်ဆိုင်ကယ်ဦးရေတိုးလာခြင်း၊ မြို့တွင်းလမ်းများကျဉ်းခြင်း၊ လမ်းဘေးဝဲယာတွင် ယာဉ်များရပ်နားထားခြင်းနှင့် ယာဉ်အသွားအလာများခြင်းတို့ကြောင့် လမ်းနှင့်နီးကပ်နေသည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် လုပ်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အချက်ပြသည့်နေရာ၌သာ လမ်းဖြတ်ကူးရန်၊ အခြားနေရာမှ လမ်းဖြတ်ကူးပါက အန္တရာယ်ရှိနိုင်ကြောင်း၊ စက်ဘီးစီး၍ ကျောင်းတက်သူများကိုလည်း ယာဉ်ကြောအတိုင်း လက်ယာဘက်မှ ကပ်စီးရန်၊ အချက်ပြပြီးမှ ရပ်ရန်၊ ကွေ့ရန်နှင့် အုပ်စုဖွဲ့မစီးရန်တို့ကိုလည်း နေ့စဉ်အသိပညာပေးကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ယာဉ်အန္တရာယ်မဖြစ်ရအောင် နေ့စဉ် နေပူမိုးရွာမရှောင် လုပ်ပေးနေပါတယ်။ ကျောင်းအရှေ့မှာ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်အောင် ကျောင်းသားမိဘတွေ ကြိုပို့လုပ်ပေးနိုင်ရင် ကောင်းပါတယ်"ဟု ဒုတိယရဲမှူးစိုးလွင်က ပြောသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# သာမဏေ ၁၂၀၀ နှင့် သီလရှင် ၃၀၀ အား သင်္ကန်းနှင့် ဝတ်စုံများလှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်ရှိ ဝိမုတ္တိရသ ဓမ္မာရုံကြီး၌ စာသင်သား သာမဏေ အပါး ၁၂၀၀ အတွက် သင်္ကန်းနှင့် သီလရှင် အပါး ၃၀၀ အတွက် ဝတ်စုံများလှူဒါန်းပွဲကို အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ပရဟိတအကျိုးဆောင်အလှူရှင်များအဖွဲ့က စတုတ္ထအကြိမ်မြောက်အဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ ပရဟိတအကျိုးဆောင်အလှူရှင်များအဖွဲ့မှ ဦးညီညီမော်က "ပထမအကြိမ်မှာ သာမဏေအပါး ၆၈၀ ကို သင်္ကန်းလှူဒါန်းနိုင်ခဲ့ပြီး ဒုတိယအကြိမ်မှာ သာမဏေအပါး ၁၀၈၀ ကို လှူဒါန်းနိုင်ခဲ့ပါတယ်။ တတိယအကြိမ်မှာ သာမဏေအပါး ၁၁၀၀ ကျော်နဲ့ သီလရှင် ၁၅၀ ကို လှူဒါန်းနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါ သင်္ကန်းကပ်လှူပွဲတွင် ဗဟန်း၊ ပုဇွန်တောင်၊ ဒေါပုံ၊ သာကေတ၊ သန်လျင်၊ ကျောက်တန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင် ကျောင်းများမှ သာမဏေနှင့် သီလရှင်များကို လှူဒါန်းသွားမည်ဖြစ်ပြီး အလှူရှင်များအနေဖြင့် ကိုယ်တိုင်ကပ်လှူကုသိုလ်ယူနိုင်ရန် နှိုးဆော်ဖိတ်ကြားထားကြောင်းလည်း သိရသည်။

**အောင်အောင်**

# ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ကိုးကျောင်းမြောက် ဓမ္မစကူးလ်သင်တန်းဖွင့်

**ကော့သောင်း အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်လုံးဆိုင်ရာ(၉)ကျောင်း မြောက် ဓမ္မစကူး ဖောင်ဒေးရှင်းသင်တန်းကျောင်းကို ပိတောက်ရွှေဝါရပ်ကွက် လောကမာရ်အောင် ဘုန်းတော်ကြီးကျောင်းတိုက်၌ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းဖွင့်ပွဲတွင် ရွှေပြည်သာကျောင်းတိုက် ဆရာတော်က ဩဝါဒကထာ ချီးမြှင့်ပြီး နိဗ္ဗာန်အေး ကျောင်းတိုက်ဆရာတော်က ဓမ္မစကူးဖောင်ဒေး ရှင်း သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြား သည်။ ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းတွင် တက် ရောက်မည့်သင်တန်းသား ကျောင်းသားကျောင်းသူ ကလေး ငယ်များအား လေ့ကျင့်သင်ကြားပေးထား သည့် သင်တန်းဆရာများက အပတ်စဉ် သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မြဝတီခရိုင်နှင့် တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

**မြဝတီ အောက်တိုဘာ ၁၄**

မြဝတီခရိုင်အုပ်ချုပ်ရေးမှူးနှင့် ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူးတို့ ပါဝင်ကစားသည့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို မြဝတီမြို့ မြို့မအားကစားကွင်း၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာစွန်ချိုင်းဟာထယတန်တိတို့က အဖွင့်အမှာစကားများပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ ပါဝင်သည့် မြဝတီခရိုင် အသင်းနှင့် ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာစွန်ချိုင်းဟာထယတန်တိ ဦးဆောင်ပြီး ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မဲဆောက်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများပါဝင်သည့် တာ့(ခ်)ခရိုင် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြန်မာ-ထိုင်းချစ်ကြည်ရေး ပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများတိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြဝတီ (ပြန်/ဆက်)**



## မော်ကျွန်း တာဝတိံသာဘုရားပွဲတော်စည်ကားစွာကျင်းပမည်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၄**

မော်လမြိုင်ကျွန်းမြို့နယ်၌ နှစ်စဉ်ကျင်းပသည့် တာဝတိံသာ ဝါကျွတ်ဘုရားဆင်းပွဲ (၈၃)ကြိမ်မြောက်ပွဲတော်ကို စည်ကားစွာကျင်းပနိုင်ရေးအတွက် ဘုရားဂေါပကအဖွဲ့က ကြီးမှူး၍ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တာဝတိံသာ ဘုရားဆင်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် သီတင်းကျွတ်လပြည့်နေ့များတွင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ သစ်သီးတစ်ထောင်နှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲများဖြင့် ပူဇော်ကြပြီး သီတင်းကျွတ်လပြည့်ကျော်တစ်ရက်တွင် မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းလာပုံကို ပူဇော်ခြင်း၊ သီတင်းကျွတ်လပြည့်ကျော် နှစ်ရက်တွင် မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၀ ကျော်မှ သံဃာတော်အပါး ၉၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စာရေးတံမဲဖောက်လှူဒါန်းခြင်းများ ပါဝင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ တာဝတိံသာ ဘုရားဆင်းပွဲတော်မှာ ရောဝတီတိုင်းဒေသကြီးတွင် အစည်ကားဆုံးကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ကြောင်းလည်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## သတင်းတို

### မဲရုံမှူးလုပ်ငန်းတာဝန်များသင်တန်းဖွင့်

မွန်ပြည်နယ် ပေါင်မြို့၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များသင်တန်းကို ပေါင်မြို့ အထက(၁)ကျောင်း၌ အောက်တိုဘာ ၁၂ နှင့် ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက မဲရုံမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအကြောင်းကို ရှင်းလင်းသင်ကြားပို့ချခဲ့သည်။ အဆိုပါသင်တန်းမှာ မဲဆန္ဒနယ်မြေအမှတ်(၁)မှ မဲရုံမှူးများအတွက်ဖြစ်ပြီး မဲဆန္ဒနယ်မြေ အမှတ်(၂)မှ မဲရုံမှူးများအတွက် သင်တန်းကို အောက်တိုဘာ ၂၀ နှင့် ၂၁ တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

# မကွေးတိုင်းဒေသကြီး၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို တွင်တွင်ကျယ်ကျယ် ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေနည်းစနစ်မှန်မှန်နဲ့ စိုက်ပျိုးနိုင်အောင် ပညာပေးလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် တောင်သူဘက်က GAP နည်းစနစ်တွေထဲက လိုက်နာကျင့်သုံးနိုင်တဲ့ နည်းစနစ်ရှိသလို အရင်းအနှီးမတတ်နိုင်လို့ မလိုက်နာနိုင်တာတွေလည်း ရှိပါတယ်။ ဒီစနစ်ကို ကျင့်သုံးတဲ့နေရာမှာ ဥပမာ ပေါင်ပျိုးတယ်၊ ပျိုးကိုပါးပါးကျဲတယ်။ ပျိုးကျဲတော့ မျိုးစေ့ကုန်သက်သာတယ်။ ပျိုးပင်လည်းသန်တယ်။ ပျိုးပင်သန်တဲ့အတွက် ပျိုးပေါင်ထဲမှာ ပင်ပွားထွက်တယ်။ စိုက်ခင်းထဲလည်းရောက်ရော ပင်ပွားကအများကြီးထွက်တော့ သူ့အတွက် အထွက်နှုန်းကောင်းဖို့ ပိုပြီး သေချာတာပေါ့။ မကွေးတိုင်းထဲမှာ မိုးစပါးဧက ကိုးသိန်းစိုက်မယ်ဆိုရင် ဧကငါးသိန်းလောက်ကို GAP ဖြစ်အောင် ဌာနဘက်က Drive လုပ်နေမှာပဲ။ ခုလက်ရှိကတော့ တောင်သူကိုလည်းပညာပေးတယ်။ Demonstration Field တွေလုပ်တယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

တိုင်းဒေသကြီးအတွင်းမှ တောင်သူများမှာလည်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို လေ့လာပြီး လိုက်နာစိုက်ပျိုးမှု တိုးလာလျက်ရှိကြောင်း သိရသည်။

"တဖြည်းဖြည်းချင်းတော့ တောင်သူတွေလည်း စိတ်ဝင်စားရမှန်း သိလာကြပါပြီ။ လုပ်ငန်းလုပ်တဲ့နေရာမှာ ကောက်စိုက်သမအခက်အခဲရှိနိုင်သလို တောင်သူတစ်ယောက်က ယာ ၁၀ ဧက၊ လယ် ၁၀ ဧက ရှိတယ်ဆိုရင် ယာဘက်လှည့်တော့ လယ်ဘက်လွတ်သွားတာမျိုးတွေလည်း ရှိတတ်ပါတယ်။ ဒါမျိုး အခက်အခဲတွေကြားကပဲ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်ထဲက (၁၀)ချက်လောက် လိုက်နာနိုင်တဲ့တောင်သူတွေ အများကြီးရှိနေပါပြီ"ဟု စပါးစိုက်ပျိုးမှုနှင့် စပ်လျဉ်းသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းမှုအခြေအနေကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောသည်။

အာဆီယံစံနှုန်းများနှင့်အညီ မြန်မာနိုင်ငံတွင်လည်း မြန်မာGAP ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ရာ အစားအစာအန္တရာယ်ကင်းရှင်းရေးကဏ္ဍ (Food Safety Module)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ (Environmental Management Module)၊ သီးနှံများ၏ အရည်အသွေးကဏ္ဍ(Produce Quality Module)၊ လုပ်သားများ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍ (Workers, Health, Safety and Welfare Module) ဆိုသည့် ကဏ္ဍကြီးလေးရပ်အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ အစိုးရနှင့် ပြည်သူပူးပေါင်း၍ လက်တွေ့လုပ်ကိုင်ခြင်း၊ စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်နိုင်ရေးသည် နိုင်ငံတကာစားသောက်ကုန်ဈေးကွက်သို့ ထိုးဖောက်ရေးအတွက် အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်နေကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်သည် GAPစည်းကမ်း သတ်မှတ်ချက်များ အနက်မှ သေးငယ်သောကဏ္ဍတစ်ရပ်ဖြစ်သော်လည်း အရေးပါသောလုပ်ငန်းစဉ်များဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုးတက်ပွားများလာသော ကမ္ဘာ့လူဦးရေနှင့်အတူ လူသားတို့၏ နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာကာ ကုန်သွယ်မှုများလည်း ဖွံ့ဖြိုးတိုးတက်လာသောကြောင့် အစားအစာများ ရောင်းဝယ်ဖောက်ကားရာတွင် အစားအစာအရည်အသွေး(Food Quality) နှင့် အစားအစာအန္တရာယ်ကင်းရှင်းရေး(Food Safety) တို့သည် အရေးအကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်လာသည်။ ယင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် အရည်အသွေး အဆင့်မီ၍ အန္တရာယ်ကင်းသောအစားအသောက်များ စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ရာ စိုက်ပျိုးရေးနိုင်ငံများအနေဖြင့် Good Agriculture Practics(GAP) စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ကျင့်သုံးကြရမည်ဖြစ်သည်။

ကမ္ဘာတစ်လွှားတွင် ကျန်းမာရေးရှုထောင့်အရ စားသောက်မှုပုံစံသည် Organic သီးနှံများဘက်သို့ အလေးသာလာလျက်ရှိပြီး GAP နည်းစနစ်ဖြင့် ထုတ်လုပ်ထားခြင်းမရှိသော စားသောက်ကုန်များသည် ကမ္ဘာ့ဈေးကွက်အလယ်တွင် မျက်နှာငယ်ကာ ဈေးကွက်ဆိုင်ရာငြင်းဆိုမှုများ ကြုံတွေ့လာနိုင်သောကြောင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးစိုက်ပျိုးရန် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေခြင်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်း GAP စံပြစိုက်ခင်းများကို နည်းပေးလမ်းပြဖော်ဆောင်လျက်ရှိရာတွင် ထပ်မံဖြည့်ဆည်းရမည့် လိုအပ်ချက်များလည်း ရှိနေသည်။ အချက်နံပါတ်(၁၄)တွင် ဖော်ပြပါရှိသော အလေအလွင့်မရှိအောင်ရိတ်သိမ်းချွေလှေ့ခြင်းအတွက် ဒေသအနှံ့လှမ်းခြုံနိုင်သောစက်စွမ်းအားများ ထပ်မံဖြည့်ဆည်းရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**လုပ်ငန်းလုပ်တဲ့နေရာမှာ ကောက်စိုက်သမအခက်အခဲရှိနိုင်သလို တောင်သူတစ်ယောက်က ယာ ၁၀ ဧက၊ လယ် ၁၀ ဧကရှိတယ်ဆိုရင် ယာဘက်လှည့်တော့ လယ်ဘက်လွတ်သွားတာမျိုးတွေလည်း ရှိတတ်ပါတယ်။ ဒါမျိုး အခက်အခဲတွေကြားကပဲ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်ထဲက (၁၀)ချက်လောက် လိုက်နာနိုင်တဲ့တောင်သူတွေ အများကြီးရှိနေပါပြီ . . .**

**သတင်းဆောင်းပါး-ဇေယျတု(မကွေး)**

# ဆည်ရေသောက်တဲ့ ရွာကလေးတွေ

သိပ္ပံစာရေးဆရာ ကိုကိုအောင်

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံငယ်ကလေးဖြစ်သော မော်လ်ဒိုက်ဗ်နိုင်ငံသည် ပင်လယ်ရေမျက်နှာပြင်အောက် ခြောက်ပေခွဲကျော် နိမ့်ကျလျက်ရှိနေသည်။ သဘာဝအတားအဆီး အကာအရန်များကြောင့်သာလျှင် နိုင်ငံအတွင်းသို့ ပင်လယ်ရေများ မဝင်ရောက်နိုင်သော်လည်း၊ အကယ်၍ ကျွန်းနိုင်ငံပတ်လည်ရှိ သဘာဝအကာအရန်များသည် မြေငလျင်ကြောင့်သော်လည်းကောင်း၊ ဘူမိဆိုင်ရာ ပြောင်းလဲမှုတစ်ခုခုကြောင့်သော်လည်းကောင်း ပြိုကွဲပျက်စီးခဲ့လျှင် တစ်နိုင်ငံလုံး ပင်လယ်ရေအောက်သို့ ရောက်ရှိသွားမည်ဖြစ်သည်။

ထို့ကြောင့်ပင် မော်လ်ဒိုက်ဗ်သမ္မတသည် အစိုးရအဖွဲ့၏ ကက်ဘိနက်အစည်းအဝေးကို ပင်လယ်ရေအောက်၌ ရေငုပ်ဝတ်စုံများဝတ်ဆင်လျက် ပြုလုပ်ပြခြင်းဖြင့် နိုင်ငံသူနိုင်ငံသားများကို ပေါ့ပေါ့တန်တန်မနေကြရန် သတိပေးနှိုးဆော်ခဲ့သည်။

အလားတူပင် နှစ်ပေါင်း ၁၆၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်သော အီတလီနိုင်ငံမှ ကမ္ဘာကျော်ရှေးဟောင်းသမိုင်းဝင် အထင်ကရဖြစ်သည့် ဗင်းနစ်မြို့သည်လည်း ပင်လယ်ထုံးအိုင်ပေါ်တွင် တည်ဆောက်မိခဲ့ခြင်းကြောင့် တဖြည်းဖြည်း အောက်သို့နိမ့်ဆင်းလျက်ရှိနေသည့်အပြင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြို့ပတ်လည်ဝိုင်းနေသော ပင်လယ်ရေမျက်နှာပြင်ကလည်း မြင့်တက်လာနေသည်ဖြစ်ရာ မြို့စတင်တည်ထောင်ခါစကထက် ပင်လယ်ရေမျက်နှာပြင်မှာ ခြောက်ပေခွဲနီးပါး ပိုမိုမြင့်တက်နေပြီ ဖြစ်သည်။

ပင်လယ်ဒီရေ၏ လွှမ်းမိုးမှုဒဏ်ကို အကြီးအကျယ်ခံနေရသော ဗင်းနစ်မြို့၏ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများ ပျက်သုဉ်းမည့်အရေးမှ ကာကွယ်နိုင်ရန် အီတလီအစိုးရက ဒေါ်လာခုနစ်ဘီလီယံကျော် အကုန်အကျခံလျက် ရွှေ့ပြောင်းရေတားတမံများကို အပူတပြင်း တည်ဆောက်လျက်ရှိနေသည်။

ဤသာဓကနှစ်ခုကိုကြည့်လျှင် နည်းပညာမတိုးတက်မထွန်းကားသေးသော အချိန်ကာလများက တည်ထောင်ခဲ့ကြသည့် အချို့သောနိုင်ငံနှင့်မြို့ရွာများသည် လက်ရှိအချိန်တွင် သဘာဝဘေးဒဏ်ကို ရှောင်လွှဲ၍မရဘဲ ရင်ဆိုင်နေကြရကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ပင်လယ်နှင့် သမုဒ္ဒရာများသည် ကမ္ဘာတည်သရွေ့ သဘာဝအလျောက်တည်ရှိနေကြမည်သာဖြစ်ရာ ယင်းတို့ကြောင့် ဖြစ်ပွားလာဖွယ်ရှိသော သဘာဝရေဘေးဒဏ်ကို မခံကြရစေရေးအတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာများဖြင့် အကာအကွယ်ပြုပေးနိုင်ရန် ကြိုးပမ်းအားထုတ်နေကြရသည်။

ယနေ့မျက်မှောက်ကာလတွင် လူသားတို့က သဘာဝကို အံတု၍ ပူပြင်းခြောက်သွေ့ခြင်းမှသက်သာအောင် မိုးအတုရွာသွန်းစေခြင်း၊ သဲကန္တာရအလယ်တွင် ရေခဲပြင်ကို ဖန်တီး၍ ပင်ဂွင်းငှက်များ မွေးမြူခြင်း၊ မုန်တိုင်းအတုကို တိုက်ခတ်စေပြီး လေယာဉ်၏စွမ်းရည်ကို စမ်းသပ်ခြင်းစသည့် နည်းပညာဖန်တီးမှုများကို ပြုလုပ်နိုင်ကြပြီဖြစ်သည်။

လူသားတို့က သဘာဝကိုအံတုကြရာတွင် လူ့လောကကောင်းကျိုးကို ရှေးရှု၍ လုပ်ဆောင်ကြခြင်းဖြစ်သည်။ ဤသို့လုပ်ဆောင်ကြရင်း ကောင်းကျိုးရရှိမှုများပြားပြီး ဆိုးကျိုးနည်းပါးသော ကိစ္စရပ်များရှိသလို . . . ကောင်းကျိုးရရှိမှုထက် ဆိုးကျိုးဖြစ်စေမှုက ပိုမိုများပြားသောဖြစ်ရပ်များစွာကလည်း ရှိနေသည်။

သဘာဝအတိုင်း ဟန်ချက်ညီညီတည်ရှိနေသော ဂေဟစနစ်သည် တိုးတက်ပြောင်းလဲလာသော နည်းပညာသစ်များကြောင့် ပျက်ယွင်းဆုံးရှုံးကာ လူသားတို့နှင့်တကွ ဇီဝမျိုးစုံတို့၏ ရှင်သန်ရပ်တည်မှုကိုပါ ခြိမ်းခြောက်လျက်ရှိနေပြန်သည်။

သဘာဝက ပေးအပ်လာသောအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး လူတို့အကျိုးစီးပွားအတွက် ဖန်တီးပြောင်းလဲကြသော ကိစ္စရပ်များအနက် ဆည်နှင့်တမံများတည်ဆောက်ခြင်းသည် ထင်ရှားသောသာဓကတစ်ရပ်ဖြစ်သည်။ သဘာဝအတိုင်း စီးဆင်းနေသော မြစ်ရေ၊ ချောင်းရေများကို လမ်းခုလတ်မှဖြတ်၍ ရယူသိုလှောင်သော ဆည်နှင့်တမံများကို စိုက်ပျိုးရေးလုပ်ငန်းအားထားလုပ်ကိုင်သည့်နိုင်ငံများတွင် အများဆုံးတွေ့ရလေ့ရှိသည်။

စိုက်ပျိုးရေးအပေါ် အဓိကအားထားနေရသည့် အားလျော်စွာ. . . ရာသီမရွေး စိုက်ပျိုးရေးလုပ်ကိုင်နိုင်ရန်အတွက် ရေကို အလိုရှိသလောက် သိုလှောင်ထားပြီး ပြန်လည်ဖြန့်ဝေသုံးစွဲနိုင်သော ဆည်နှင့်တမံများကို တောင်သူလယ်သမားတို့အား အကျိုးပြုနိုင်စေရန် ရည်ရွယ်တည်ဆောက်ကြခြင်းဖြစ်သည်။

၂၁ ရာစုသို့ ရောက်ရှိလာပြီဖြစ်သော ယနေ့အချိန်တွင် သန့်စင်ချိုသော စက်မှုလုပ်ငန်းများနှင့် တိုးတက်ထုတ်လုပ်နေကြသည့် လျှပ်စစ်ပစ္စည်း အမျိုးအမည်ပေါင်းများစွာတို့အတွက် လိုအပ်ချက် ကိန်းဂဏန်း ကြီးမားလာသော လျှပ်စစ်ဓာတ်အားပမာဏကိုဖြည့်ဆည်းနိုင်ရန် သဘာဝရေတံခွန်များမှ ကျဆင်းလာသည့် ရေဖိအားကို အသုံးချကာ ရေအားလျှပ်စစ်စက်ရုံများကို တည်ဆောက်နေကြသည်။

သဘာဝရေတံခွန်များမှ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားနှင့် မလုံလောက်သည့်အခါ ဆည်နှင့်တမံများကို ဖန်တီးတည်ဆောက်ကြပြီး ရေထိန်းတံခါးများက ပို့လွှတ်သည့် ရေဖိအားကို အသုံးချလျက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ကြပြန်သည်။

ဤသို့အားဖြင့် ဆည်နှင့်တမံများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက်တင်မကတော့ဘဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက်ပါ အသုံးချ၍ရသော နည်းပညာဖန်တီးမှုတစ်ရပ် ဖြစ်လာတော့သည်။

ဤတွင် ဆည်နှင့်တမံများ တည်ဆောက်ခြင်းသည် တစ်ဖက်က လူသားကောင်းကျိုးကိုဖြစ်စေပြီး အခြားတစ်ဖက်၌မူ သဘာဝဖြစ်စဉ်နှင့် ဂေဟစနစ်တို့အပေါ် ဆိုးဆိုးရွားရွားထိခိုက်စေကြောင်း တွေ့ရှိလာရပြန်သည်။ သဘာဝအတိုင်း မြင့်ရာဒေသမှ နိမ့်ရာသို့စီးဆင်းနေသော မြစ်ချောင်းများအတွင်းရှိ ပုံမှန်စီးဆင်းရေပမာဏ၏ အချို့အဝက်ကို ကြားဖြတ်ရယူပြီး ဆည်နှင့်တမံများ၌ ထိန်းသိမ်းသိုလှောင်ထားလိုက်သည့်အတွက် မြစ်ချောင်းလမ်းကြောင်းတစ်လျှောက် နုန်းကျမှုပုံစံ ပြောင်းလဲသွားခြင်း၊ ရေတွင် အောက်ဆီဂျင်ပျော်ဝင်မှုနှုန်း ကျဆင်းသွားခြင်း၊ ရေဖိအားကျဆင်းသွားသည့်အတွက် မြစ်ချောင်းလမ်းကြောင်း သွေဖည်လာခြင်း၊ ရေယာဉ်များခုတ်မောင်းသွားလာရာ လမ်းကြောင်းတစ်လျှောက် အကန့်အသတ်များပြားလာခြင်းနှင့် ရေသတ္တဝါများ၏ ဂေဟစနစ်ပျက်ယွင်းလာခြင်းစသည့် ဆိုးကျိုးများကို ကြုံတွေ့ကြရသည်။

ထိုထိုသောအကြောင်းများကြောင့် ဆည်နှင့်တမံများ တည်ဆောက်တော့မည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်ခြေရှိမှုအပေါ် အထပ်ထပ်အဖန်ဖန် ချင့်ချိန်ကြရန် အထူးလိုအပ်သည်။ ရာသီအလိုက် မြစ်ချောင်းများ၏ စီးဆင်းရေပမာဏကို တွက်ချက်မှု၊ ရေဝေ ဒေသများ၏ ပထဝီသွင်ပြင်ကို လေ့လာမှု၊ ရာသီဥတုဆိုင်ရာ ခန့်မှန်းမှု၊ ဘူမိဗေဒဆိုင်ရာတိုင်းတာမှု၊ သစ်တောဆိုင်ရာစူးစမ်းမှု၊ ဂေဟစနစ်ကို အကဲခတ်စောင့်ကြည့်မှု၊ ဆည်ရေသောက်ကျေးရွာများနှင့်တကွ စိုက်ပျိုးမြေ၊ စားကျက်မြေနှင့် တောရိုင်းမြေများအပေါ် အကျိုးသက်ရောက်နိုင်ခြေကို တွက်ချက်မှု၊ ရှင်သန်ကျက်စားနေသောသတ္တဝါများ၏ ဇီဝဖြစ်စဉ်အချက်အလက်များကို စုဆောင်းမှု စသည်တို့ကို မလွဲမသွေလုပ်ဆောင်ကြရမည်ဖြစ်သည်။

ဤသို့သော ကွင်းဆင်းလေ့လာမှုများအရ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်နှင့် ဇီဝဖြစ်စဉ်တို့အပေါ် ထိခိုက်နစ်နာစေမှု ရာခိုင်နှုန်းအနည်းဆုံးအနေအထားမျိုးရှိနိုင်မှသာ ဆည်နှင့်တမံများတည်ဆောက်ရန် ဆုံးဖြတ်ကြရမည် ဖြစ်သည်။ ဆည်တည်ဆောက်မည့်နေရာ၏ ဘူမိသွင်ပြင် အနေအထားကလည်း ဆည်ရေသောက်မည့် ကျေးရွာနှင့် လယ်မြေများ၏ အနာဂတ်ကံကြမ္မာအတွက် အလွန်အရေးကြီးသည်။


၂၀၁၄ ခုနှစ်ကဖွင့်လှစ်ခဲ့သည့် ဖြူးချောင်းရေလွှဲဆည်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-တင်မောင်လွင်

ဆည်တွင် သိုလှောင်ထားရှိမည့် ရေထုထည်ပမာဏကြောင့်ဖြစ်ပေါ်လာမည့် ဖိအားဒဏ်ကို ဆည်အောက်ခံမြေသားအတွင်းရှိ အလွှာအသီးသီးတို့က ကောင်းစွာခံနိုင်ရည်ရှိရမည်ဖြစ်သည်။ ဆည်တည်ဆောက်မည့်နေရာသည် ငလျင်ပြတ်ရွေ့ကြောင်းကြီးငယ်တို့အပေါ်၌ သို့တည်းမဟုတ် ပြတ်ရွေ့ကြောင်းနှင့်နီးကပ်သောနေရာဒေသမျိုးမဖြစ်ရန်လည်း အထူးလိုအပ်သည်။ ထို့ပြင် လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်မှစ၍ မျက်မှောက်ကာလအထိ မြေငလျင်လှုပ်ခတ်ဖူးခြင်းမရှိသော ဒေသနေရာဖြစ်ရန်လည်း အရေးကြီးသည်။

အင်အားပြင်းမြေငလျင်ကြောင့်ဖြစ်ပေါ်တတ်သော ဘူမိသွင်ပြင်ပြောင်းလဲမှုများသည် ဆည်နှင့်တမံများကို ကွဲအက်ပြိုပျက်သွားစေသည်အထိ ဖြစ်ပွားနိုင်သည်။ ဤသို့ ပြိုကွဲပျက်စီးသွားခဲ့လျှင် သိုလှောင်ထားသော ရေထုထည်ပမာဏများစွာတို့သည် ဆည်ရေသောက်ကျေးရွာများနှင့်တကွ ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ သက်ရှိသက်မဲ့အားလုံးကို အလွန်ကြီးမားသော ရေဖိအားဖြင့် မိနစ်အနည်းငယ်အတွင်း ဖျက်ဆီးပစ်လိုက်မည်ဖြစ်သည်။

ဤသို့ ဆည်နှင့်တမံများ ပြိုကွဲပျက်စီးမှုကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသည်များကို မဆိုထားဘိ. . . ရေထိန်းတံခါးမှ ပုံမှန်ရေပို့လွှတ်သည့်အခါများနှင့် ရေပိုလွှဲသည့်အခါများ၌ပင် လက်လွတ်စပယ် ဆောင်ရွက်၍ မရနိုင်ပေ။ ရေထိန်းတံခါးနှင့် ရေပိုလွှဲတို့မှ ထွက်ရှိလာမည့် ရေပမာဏအပေါ် မူတည်ပြီး ရေအလျဉ်နှင့် ဖိအားတို့သည် စိုက်ပျိုးလယ်မြေနှင့် အဆောက်အအုံများစွာတို့ကို လွယ်လင့်တကူ ဖျက်ဆီးပစ်နိုင်သလို. . . သက်ရှိတို့ကိုလည်း လျှပ်တစ်ပြက်အတွင်းမှာပင် ဇီဝိန်ချုပ်ငြိမ်းသွားစေနိုင်သည်။

ဆည်တစ်ခုတည်ဆောက်ရာတွင် ပင်မဆည်ကို တည်ဆောက်ပြီးစီး၍ ရေသိုလှောင်ထားနိုင်ရုံမျှဖြင့် လုပ်ငန်းပြီးဆုံးပြီဟု မဆိုနိုင်ပေ။ ဆည်ရေပို့လွှတ်သည့် တူးမြောင်းများ၊ လက်တံမြောင်းများ၊ လယ်ကြားမြောင်းများအားလုံးကို ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်ပြီး မူလရည်မှန်းထားသည့် ဧရိယာအားလုံးကို ဆည်ရေဖြန့်ဝေပေးနိုင်မှသာ စီမံကိန်းကြီးပြီးမြောက်အောင်မြင်သည်ဟု ဆိုနိုင်သည်။

ထို့မျှမက မမျှော်လင့်ဘဲ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ဆည်ရေလျှံတက်ခဲ့ပါက အန္တရာယ်ရှိ ရေပိုများကို လွှဲထုတ်ပစ်သည့်အခါ ရေထုကြီးပြန့်ကျဲရောက်ရှိသွားနိုင်သည့် နေရာများကို နဂိုကတည်းက ကြိုတင်တွက်ဆထားရမည် ဖြစ်သလို. . . ယင်းသို့ ရေများ ပြန့်ကျဲရောက်ရှိသွားနိုင်သည့် ဆင်ခြေလျှော ရေလမ်းကြောင်းတစ်လျှောက်ရှိ လူနေအိမ်များကို စနစ်တကျ ကြိုတင်ရွှေ့ပြောင်းနေရာချထားပေးရန်လည်း အထူးလိုအပ်သည်။ ယင်းသို့ စနစ်တကျရွှေ့ပြောင်းနေရာချထားပြီးနောက်ပိုင်း၌လည်း ဆည်ရေပိုလွှဲထုတ် စီးဆင်းရာလမ်းခရီးတစ်လျှောက်လုံး၌ အိမ်၊ လယ်စောင့်တဲ၊ ဂိုဒေါင် စသည်တို့ ဆောက်လုပ်နေထိုင်ခြင်းမပြုရန် ကြိုတင်အသိပေးခြင်း၊ ပညာပေးခြင်း၊ လှုံ့ဆော်ခြင်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်သည်။

ဆည်ရေသောက် ကျေးရွာကလေးများ၏ကံကြမ္မာသည် ဆည်တည်နေရာ ရွေးချယ်မှု၊ ဆည်၏ခိုင်ခံ့တောင့်တင်းမှု အရည်အသွေး၊ ဆည်ရေ စီမံခန့်ခွဲမှုနည်းစနစ်၊ ကြိုတင်ကာကွယ်မှုအတွက် ပညာပေးလုပ်ငန်းဆောင်ရွက်မှု စသည်တို့အပေါ်တွင် ရာနှုန်းပြည့်တည်မှီလျက်ရှိနေသည်။

ကမ္ဘာအရပ်ရပ်တွင် ဆည်နှင့်တမံများကြောင့် စိုက်ပျိုးရေးကို ကောင်းစွာအကျိုးပြုပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းမျိုး အများအပြားရှိခဲ့သလိုပင်. . . ဆည်နှင့်တမံများ တည်ဆောက်သည့်နေရာ ရွေးချယ်မှုမှားယွင်းခြင်း၊ ရေရှည်အကျိုးကိုမကြည့်ဘဲ ရေတိုအမြင်မျှဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း၊ ဆည်၏အရည်အသွေးနိမ့်ကျခြင်းနှင့် ဆည်ရေစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်း၊ ဂေဟစနစ်အပေါ် ဆိုးကျိုးများသက်ရောက်ခြင်း၊ ဆည်ရေသောက်ဒေသများ၌ ရေဘေးနှင့်ကြုံတွေ့ခဲ့ရခြင်း၊ ကောက်ပဲသီးနှံများ အကြီးအကျယ် ပျက်စီးဆုံးရှုံးရခြင်းစသည့် အနိဋ္ဌာရုံဖြစ်ရပ်များစွာတို့လည်း ဖြစ်ပွားခဲ့သည်။

၁၉၇၅ ခုနှစ် ဩဂုတ်လအတွင်းက တရုတ်ပြည်အလယ်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ပေလေးရာမြင့်သော ဘင်ကျူအိုဆည်၏အထက်ပိုင်းရှိ ဆည်ကြီးတစ်ခု ကျိုးပေါက်ပျက်စီးပြီး ဧကပေ ၉၇၀၀၀ ရှိသော ရေထုကြီး စီးဆင်းလာခဲ့ရာ ထိုရေထုကြီးက ဘင်ကျူအိုဆည်ကြီးကိုပါ ဖြိုချဖျက်ဆီးခဲ့သည့်အတွက် ဆည်အနီးရှိ ရှုမြစ်တွင် အကြီးအကျယ်ရေလျှံမှု ဖြစ်ပေါ်ခဲ့သည်။ ဆည်နှစ်ခုပေါင်းမှ ထွက်ရှိလာသော ဧကပေလေးသိန်းရှိသော ရေထုကြီးနှင့်အတူ အုတ်ကျိုးအုတ်ပဲ့များ၊ ကွန်ကရစ်တုံးအပဲ့စကြီးများ၊ နွံနှစ်များစုပြုံရောထွေး မျောပါလာခဲ့သည်။ ရေလှိုင်းအမြင့် ပေနှစ်ဆယ်နှင့် ရေပြင်အကျယ် ၁၁ ကီလိုမီတာရှိသော ဧရာမရေစီးကြောင်းကြီးသည် တစ်နာရီလျှင် ၄၈ ကီလိုမီတာနှုန်းဖြင့် ဟွာအီဘင်းမြို့ကြီးကို တွန်းတိုက်ဖျက်ဆီးပစ်ခဲ့ရာ လူနှစ်သိန်းနီးပါး သေဆုံးခဲ့ကြရသည်။

ထို့အတူ ၁၉၉၈ ခုနှစ် အောက်တိုဘာလအတွင်းက ဟွန်ဒူရပ်စ်နိုင်ငံတွင် မစ်ချ် (Mitc)အမည်ရှိ ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှုကြောင့် တစ်လတိတိ အဆက်မပြတ် မိုးရွာသွန်းကာ လေ့စ်လောရယ်ရေကာတာကြီး ကျိုးပေါက်သွားခဲ့သည်။ ဧရာမရေထုကြီးသည် ဂွာစီရစ်မြစ်တစ်လျှောက် အလုံးအရင်းနှင့် တစ်ဟုန်ထိုးစီးဆင်းလာပြီး မြို့တော်တီဂူစီဂါလ်ပါး၏ ဆင်းရဲသားရပ်ကွက်သို့ လူအများ အိပ်ပျော်နေချိန်၌ ဝင်ရောက်ဝါးမျိုခဲ့ရာ လူတစ်သောင်းခန့်သေဆုံးပြီး ပျက်စီးဆုံးရှုံးမှု အကြီးအကျယ် ဖြစ်ပေါ်ခဲ့သည်။ မြို့တော်တောင်ဘက်ရှိ မြစ်ကြီးပေါ်တွင် တည်ဆောက်ထားသော ကွန်ဆက်ရှင်းဆည်ကြီးသည်လည်း ရေလျှံလာမှုကြောင့် အရေးပေါ် ရေထုတ်ပေါက်များကို ဖွင့်ချခဲ့ရာ ရေလွှမ်းမိုးမှု အကြီးအကျယ်ဖြစ်ပေါ်ခဲ့ရသည်။

အလားတူပင် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးဦးကျကာလကတည်းက ရေအပြည့်ဖြည့်ထားခဲ့သော ဆည်ကြီးများ ကျိုးပေါက်ပြိုပျက်မည့်အရေးကို ရှောင်လွှဲနိုင်ရန် ရေထုတ်ပေါက်အများအပြားကို တစ်ပြိုင်နက် ဖွင့်ချခဲ့ရသဖြင့် ရက်ပေါင်းများစွာ ရေလွှမ်းမိုးပြီး လူနှင့်ကျွဲနွားတိရစ္ဆာန်အများအပြားသေဆုံး၊ ပျောက်ဆုံးမှုများ ဖြစ်ပွားခဲ့သည်။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ရေပြင်ကျယ်ကြီးဖြစ်နေသည့်အတွက် သစ်ပင်ပေါ်၌ပင် ကလေးမျက်နှာမြင်လိုက်ရသော ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၏ အဖြစ်သနစ်က မိုဇမ်ဘစ်နိုင်ငံကို ကမ္ဘာ့သတင်းမျက်နှာစာပေါ်၌ ထင်ထင်ရှားရှား ပေါ်လွင်သွားစေခဲ့သည်။

သိပ္ပံနှင့် နည်းပညာများ တိုးတက်ထွန်းကားလာနေသည့် ယနေ့အချိန်တွင် မော်လ်ဒိုက်ဗ်နိုင်ငံနှင့် ဗင်းနစ်မြို့ကဲ့သို့သော မဟာအမှားအယွင်းကြီးမျိုးကို ရှောင်လွှဲနိုင်ကြပြီဖြစ်သည်။ ရွှေ့မရတော့သည့် မော်လ်ဒိုက်ဗ်နိုင်ငံနှင့် ပြင်မရတော့သည့် ဗင်းနစ်မြို့တို့ကမူ သဘာဝဘေးအန္တရာယ်ကို အံတုရင်ဆိုင်ရန် အချိန်နှင့်အမျှ ကြိုးပမ်းအားထုတ်နေကြရသည်။

သို့ဖြစ်ရာ တည်ဆောက်ပြီးဖြစ်သော ဆည်နှင့်တမံများကို ရွှေ့ပြောင်း၍မရတော့သော်လည်း နောက်ထပ်အသစ်ထပ်မံတည်ဆောက်လိုသည့် ဆည်နှင့်တမံများအတွက်ကိုမူ ဘက်စုံထောင့်စုံမှ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် စဉ်းစားသုံးသပ်ကြရတော့မည်ဖြစ်သည်။

နည်းပညာသစ်များကြောင့် ခေတ်သစ်သို့ရောက်ရှိလာနေသော မျက်မှောက်ကာလတွင် ဆည်ရေသောက်မည့် ကျေးရွာကလေးများသည် ဆည်ရေကို အေးချမ်းစွာသောက်သုံးနိုင်သည့် ရွာသာယာကလေးများအဖြစ် စိုက်ပျိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားနိုင်ကြရန် အရေးကြီးလှပေသည်။ ။

# (၁၁)ကြိမ်မြောက် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

**ပြင်ဦးလွင် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ (၁၁)ကြိမ်မြောက် တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးကော်မတီက ဦးဆောင်၍ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်တွင် ဘုရားဖူးပြည်သူများ၊ ဒေသခံပြည်သူများ၊ မီးပုံးပျံပြိုင်ပွဲဝင်အသင်းများ၊ ဓာတ်ပုံပြိုင်ပွဲဝင်ကြမည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဓာတ်ပုံပညာရှင်များ၊ ပါဝင်ဖျော်ဖြေမည့် အနုပညာရှင်များ၊ ဈေးရောင်းပွဲတော်ဆိုင်ခန်းများနှင့် ကလေးကစားကွင်းများစသည်တို့ဖြင့် စည်ကားလေ့ရှိသည်။

ပွဲတော်ကာလသည် မိုးအကုန်နှင့် ဆောင်းအဝင်ကာလနှစ်ခုကို ရင်ဆိုင်နေရသဖြင့် ပွဲတော်အတွင်းရှိ ပြည်သူအားလုံးမှာ နှစ်စဉ်လိုလို အေးမြခြင်းနှင့် စိုစွတ်သော ရာသီဥတုဒဏ်ကို အမြဲလိုလိုခံစားနေရသောကြောင့် ပြိုင်ပွဲကျင်းပရေးကော်မတီ၏အနေဖြင့် နားနေဆောင်များတိုးချဲ့ဆောက်လုပ်ခြင်းနှင့် မြေသားလမ်းအစား ကွန်ကရစ်လမ်းများခင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မီးပုံးပျံပြိုင်ပွဲတွင် မီးပုံးပျံများလွှတ်တင်ရာ၌ အောက်ဆွဲယမ်းပိဿာချိန်ကိုလည်း လျှော့ချသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

(၄၃၂)

# မဲရုံမှူးလုပ်ငန်းနှင့် တာဝန်များသင်တန်းဖွင့်လှစ်

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား မဲရုံမှူးလုပ်ငန်းတာဝန်များသင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို အောက်တိုဘာ ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် စစ်တွေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ပုဏ္ဏားကျွန်းမြို့နယ်တာဝန်ခံ ဦးဝေစိန်ဖြူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အောင်က သင်တန်း၏ရွယ်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်းသို့ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း မဲရုံများ၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးတာဝန်ထမ်းဆောင်ကြမည့် သင်တန်းသား သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**သူ(ပုဏ္ဏားမြို)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ရာစီမံကိန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အိမ်ရာစီမံကိန်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အောက်တိုဘာ ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဗိုလ်တထောင်မြို့နယ်ရှိ Botahtaung Time Square အိမ်ရာစီမံကိန်းနှင့် (၅၁)လမ်းအိမ်ရာ ပြန်လည်စည်ပင်ရေးစီမံကိန်း တည်ဆောက်နေမှုများ၊ ဗဟန်းမြို့နယ်ရှိ ရွှေဂုန်အိမ်ရာ ပြန်လည်စည်ပင်ရေး စီမံကိန်းနှင့် SCW Develo-pm ent Group မှ တည်ဆောက်နေသည့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းနှင့် ရန်ငြိမ်းလမ်းထောင့်ရှိ Yanshim Condominium အိမ်ရာစီမံကိန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စီမံကိန်းတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ရေဦး အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနများပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြို့နယ်သုံးခုရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနများ ပူးပေါင်း၍ မြို့နယ်တာဝန်ခံများက စီမံချက်များချမှတ်၍ မုံတိုင်ပင်စံပြကျေးရွာ အထကကျောင်း၊ ရွာဗုကြီးကျေးရွာ အထက(ခွဲ)နှင့် ပန်းကုံးကျေးရွာ အလက(ခွဲ)ကျောင်းများ၌ အောက်တိုဘာ ၈ ရက်တွင် ဟောပြောပွဲများကျင်းပခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ရေဦးမြို့နယ်တာဝန်ခံ ဦးအောင်ညွှန့်က အချိုမှုန့်စားသုံးမှုနှင့်ကွမ်းစားခြင်းကြောင့် ရရှိမည့်ရောဂါများအကြောင်းကိုလည်းကောင်း၊ ကျွန်းလှမြို့နယ်တာဝန်ခံ ဦးအောင်ကျော်မိုးက ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် စားသုံးသူ၏အဓိပ္ပာယ်ကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ်တာဝန်ခံ ဦးစောမောင်က အန္တရာယ်ရှိသောအစားအစာများနှင့် လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ဖျော်ဖြေမှုများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

အောက်တိုဘာ ၉ ရက်တွင်လည်း အင်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဟောပြောပွဲဆက်လက်ကျင်းပခဲ့ပြီး ကျောင်းတွင်းရှိ ဈေးဆိုင်များတွင် ရောင်းချနေသော မုန့်ပဲသွားရည်စာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အပြင် ဓာတုဆိုးဆေးပါဝင်ခြင်းကြောင့် မရောင်းချရန် နိုင်ငံတော်က တားမြစ်ထားသည့် အစားအစာများနှင့် ဟင်းခတ်အမွှေးအကြိုင်များစာရင်းပါလက်ကမ်းစာစောင်များကို ကျောင်းဈေးသည်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ကျေးလက်နေပြည်သူများအား မြေဂရန်များချထားပေး

**မြဝတီ အောက်တိုဘာ ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မဲကနယ်လမ်းကျေးရွာတွင် နေထိုင်သည့် ပြည်သူများအတွက် မြေငှားဂရန်များကို အောက်တိုဘာ ၁၀ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။



ကျေးရွာဘုန်းကြီးကျောင်းတွင် ကျင်းပသည့် မြေငှားဂရန်များပေးအပ်ပွဲတွင် မြဝတီခရိုင် မြေငှားဂရန်ချထားပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြေငှားဂရန်ထုတ်ပေးမှုနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးခွန်ထွန်းသက်အောင်က ကျေးရွာမြေငှားဂရန်ထုတ်ပေးရာတွင် စိစစ်သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက အိမ်ခြံမြေပိုင်ရှင် ၁၅၀ အား မြေငှားဂရန်များကို လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အရင်တုန်းကလည်း မြေဂရန်လုပ်ဖို့ ကြိုးစားခဲ့ပေမယ့် မသိတာနဲ့ ကုန်ကျစရိတ်တွေရှိတာနဲ့ဆိုတော့ မလုပ်ဖြစ်ခဲ့ပါဘူး။ အခုလိုရွာအရောက်လာလုပ်ပေးတော့ နောင်ရေးစိတ်အေးရတာပေါ့ဟု မဲကနယ်လမ်းကျေးရွာမှ ဦးဇော်ဇော်လင်းက ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများတွင် နေထိုင်သည့်ပြည်သူများအနေဖြင့် အိမ်ခြံမြေကွက်များတွင် ပိုင်ဆိုင်မှုအထောက်အထား ကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့်တရားဝင် အထောက်အထားဖြစ်သည့် မြေငှားဂရန်များ ရရှိပိုင်ဆိုင်ထားခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိလာစေရန် ရည်ရွယ်ပြီး ကျေးလက်နေပြည်သူများနေထိုင်ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များအတွက် ဂရန်များ ထုတ်ပေးနိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**ဝမ်းတွင်း အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာအုပ်စု သဖန်းရွာ၌ ပညာဗိမာန်စာကြည့်တိုက်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်သစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်ဆန်းနှင့် စာကြည့်တိုက်ကော်မတီဝင်ဦးမောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက စာပေဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းတင့်က ၂၁ ရာစုခေတ်သည် ပညာခေတ်ဖြစ်၍ စာပေလေ့လာဖတ်ရှုခြင်း၏ အရေးကြီးပုံနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံသစ်သည် အလျား ၃၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ခင်း၊ အုတ်ကာ အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း ၄၀ အကုန်အကျခံ၍ ဒေသခံပြည်သူများ ကိုယ့်အားကိုယ့်ကိုးဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ငွေးလှိုင်(ဝမ်းတွင်း)**



# သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၄**

၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပြင်ဦးလွင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးကြခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တက်ရောက်ခဲ့ကြသည်။

သန်းခေါင်စာရင်းသည် နိုင်ငံ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများရရှိနိုင်သည့် အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်ရာ နိုင်ငံ၏ သယံဇာတအရင်းအမြစ်များ ခွဲဝေခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်းစသည့် ကိစ္စများနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သန်းခေါင်စာရင်းပါ အချက်အလက်များကို အသုံးပြုခြင်းဖြင့် ပို၍အကျိုးရှိအောင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သန်းခေါင်စာရင်း အချက်အလက်များကို ဖြန့်ဝေပေးပြီး အချက်အလက် အသုံးချနည်း အသိပညာပေးမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၃၂)

# သိပ္ပံနည်းကျစိုက်ပျိုးထားသော စပါးများ အောင်မြင်လျက်ရှိ

**တောင်တွင်းကြီး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဆည်ရေသောက်ဧရိယာများနှင့် မြေအောက်ရေသောက် ဧရိယာများတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်မျိုးစပါးများနှင့် ဗီယက်နမ်မျိုးစပါးများ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ကို တစ်မြို့နယ်လုံးလွှမ်းခြုံနိုင်ဖို့ နည်းပညာပေးကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရည်ရွယ်ချက်ကတော့ တောင်သူတွေဝင်ငွေနှစ်ဆတိုးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်။ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP က နေရာတိုင်းမှာလုပ်လို့မရပါဘူး။ စိုက်ပျိုးရေသေချာပြီး ရေသွင်းရေထုတ် အလွယ်တကူလုပ်လို့ရတဲ့ ဆည်ရေသောက်ဧရိယာနဲ့ မြေအောက်ရေ ဧရိယာတွေမှာ အဓိကထားစိုက်ပျိုးရတယ်။ အဲဒီဒေသတွေမှာ ပုလဲသွယ်မျိုးစပါးနဲ့ ဗီယက်နမ်မျိုးစပါးတွေကို သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်(၁၄)ချက်နဲ့ အညီ စိုက်ပျိုးဖို့ ကွင်းတာဝန်ခံဝန်ထမ်းတွေက တောင်သူတွေကိုလက်တွေ့ပြပြီး နည်းပညာပေးဆောင်ရွက်နေပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်ကပြောသည်။

တောင်တွင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများမှာ စိုက်ခင်း၏မြေအနေအထားနှင့် စိုက်ပျိုးရေရရှိမှု အပေါ်မူတည်၍ ပုလဲသွယ်၊ ဗီယက်နမ်၊ မနောသုခ၊ ဆင်းသုခ၊ ပွင့်ဖြူသုခ၊ ရတနာတိုးစသည့် ထွက်နှုန်းကောင်းသည့်စပါးမျိုးများကို သင့်လျော်သလို စိုက်ပျိုးကြပြီး ယခုနှစ်တွင် ယခင်နှစ်ကထက် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

(ဝ၂၀)

# လာလီဂါ ပွဲစဉ်(၈)မှာ ဒိုလေး ဂိုးတွေသွင်းနိုင်ပါ့မလား

မိုးမြင့်လင်းလက်

*ဒီတစ်ပတ်မှာတော့ စပိန်လာလီဂါပွဲစဉ်တွေလည်း ပြန်စတင်မှာဖြစ်ပါတယ်။ လာလီဂါပွဲစဉ်(၈)ကို အောက်တိုဘာ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ ကစားကြမှာဖြစ်ပြီး အသင်းကြီးတွေက အိမ်ကွင်းမှာ အသီးသီးလက်ခံကစားကြရပါလိမ့်မယ်။ တန်းစီဇယားကို စိုးမိုးကြဖို့ အပြိုင်ကြိုးစားကြမယ့် အသင်းကြီးတွေအတွက် ပွဲတိုင်းအရေးပါနေတာမို့ အခုပွဲမှာလည်း အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုက်စစ်ဖွင့်ကြမှာ ဖြစ်ပါတယ်။ အသင်းငယ်တွေအတွက်ကလည်း တန်းစီဇယားရပ်တည်မှု ကောင်းမွန်ရေးအတွက် မဖြစ်မနေအနိုင်ကစားကြမှာမို့ ပရိသတ်ရင်ကို လှုပ်ခတ်စေဦးမယ့်ပွဲတွေပါပဲ။*



**ရီးရဲမက်ဒရစ်နှင့် လီဗန်တေး**

လာလီဂါမှာ နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ နှစ်ပွဲသရေဖြစ်ထားတဲ့ အိမ်ရှင် ရီးရဲမက်ဒရစ်တို့လည်း ဒီပွဲမှာတော့ သေသေချာချာပြင်ဆင်ကစားရတော့မှာ ဖြစ်ပါတယ်။ အားထားရတဲ့ စီရော်နယ်ဒိုက ဒီပွဲမှာ ဂိုးပြန်သွင်းနိုင်မလား ကြည့်ရမှာဖြစ်ပြီး ရီးရဲမက်ဒရစ်ရဲ့နိုင်ပွဲကို ဒိုလေးနဲ့ ဂါရတ်ဘေးလ်တို့ ပံ့ဖော်ဖို့ တာဝန်ကျေမလားဆိုတာလည်း စိတ်ဝင်စားစရာပါ။ လီဗန်တေးရဲ့ခြေစွမ်းက အိမ်ကွင်းမှာ ထက်မြက်ပေမယ့် အဝေးကွင်းမှာ အားရစရာတွေမရှိပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲရလာဒ်ကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့ကချည်း ဂိုးပြတ်နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း နိုင်ပွဲရလိုမှု ဆန္ဒပြင်းပြနေတဲ့ ပရိသတ်အတွက် ရီးရဲမက်ဒရစ် ကစားသမားတွေက နိုင်ပွဲရအောင် ဆောင်ကြဉ်းပေးသွားပါလိမ့်မယ်။

**ဘာစီလိုနာနှင့် ဗယ်လီကာနို**

နေမာနဲ့ဆွာရက်ဇ်တို့ တိုက်စစ်အတွဲနဲ့ ပွဲထွက်လာမယ့် ဘာစီလိုနာတို့အတွက် မက်ဆီမပါဝင်နိုင်တာက ပွဲရလဒ်ကို ထိခိုက်မှုဖြစ်စေတာတော့ အမှန်ပါပဲ။ ဘာစီလိုနာဟာ ဆီဗီလာကို ရှုံးခဲ့ပေမယ့် လေဗာကူဆင်နဲ့ လစ်ပယ်မက်စ်ကို အနိုင်ကစားနိုင်ခဲ့တာမို့ ဒီပွဲမှာ အမှတ်ပြည့်စုဆောင်းနိုင်မယ့် အခွင့်အရေးရှိနေပါတယ်။ ဘာစီလိုနာတို့က ဗယ်လီကာနိုနဲ့ နောက်ဆုံးကစားတဲ့ သုံးပွဲရလဒ်တွေကိုကြည့်ရင် ဂိုးပြတ်သွင်း အောင်ပွဲခံခဲ့တာချည်းဖြစ်တာမို့ အဲဒီအစဉ်အလာကို ဒီပွဲမှာဆက်ထိန်းပါလိမ့်မယ်။

အခုတလော အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေတဲ့ ဗယ်လီကာနိုတို့အတွက် ဒီပွဲမှာလည်း အမှတ်ရဖို့မလွယ်သလို ဂိုးမပြတ်ရေးကိုပဲ အာရုံစိုက်ပြီး ခံစစ်လုံအောင် ပြင်ဆင်ထားရမယ့်ပွဲဖြစ်ပါတယ်။

**အီဘာနှင့် ဆီဗီလာ**

ဘာစီလိုနာအသင်းကို အနိုင်ကစားပြီး စိတ်ဓာတ်တက်ကြွနေတဲ့ ဆီဗီလာတို့ဟာ အခုပွဲ အဝေးကွင်းဆိုပေမယ့် အီဘာကို အသာစီးရအောင် ကစားပါလိမ့်မယ်။ အခုတလော အီဘာရဲ့ခြေစွမ်းကလည်း ကောင်းနေပြီး နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲဆုံတွေ့ခဲ့ကြတဲ့ မှတ်တမ်းဟောင်းမှာတော့ ဆီဗီလာတို့ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ခဲ့ပါတယ်။ ခြေတက်နေတဲ့ အီဘာဟာ အိမ်ကွင်းလည်းဖြစ်တာမို့ အနိမ့်ဆုံးသရေရလဒ် ထွက်ပေါ်အောင် ခုခံကစားသွားပါလိမ့်မယ်။

**ဘက်တစ်နှင့် အက်စ်ပန်ညို**

ဘက်တစ်တို့အတွက် အိမ်ကွင်းမှာ အမှတ်ပြည့် ရယူနိုင်ရေး ခြေကုန်ထုတ်ရမယ့်ပွဲဖြစ်ပါတယ်။ လောလောဆယ်မှာ အဝေးကွင်းနိုင်ပွဲရပြီး အိမ်ကွင်းရှုံးပွဲကြုံနေတဲ့ ဘက်တစ်ရဲ့ခြေစွမ်းကလည်း ယုံကြည်လို့တော့မရပါဘူး။ အက်စ်ပန်ညိုတို့ကလည်း ခြေစွမ်းကမမှန်ဘဲ အတက်အကျဖြစ်နေတာမို့ အဝေးကွင်းမှာ ကစားရမယ့် အခုပွဲမှာ အမာခံကစားသမားတွေအကုန်သုံးပြီး ပြင်ဆင်သွားမှ ရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှု သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေဖြစ်ထားတာမို့ အခုပွဲမှာ အိမ်ရှင်ဘက်တစ်တို့ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်သွားမယ့် အခြေအနေရှိပါတယ်။

**ဗလင်စီယာနှင့် မာလာဂါ**

ရီးရဲမက်ဒရစ်ကိုသရေကစားထားတဲ့ မာလာဂါရဲ့ ခြေစွမ်းကို ဗလင်စီယာတို့ လျှော့တွက်ရင် မှားသွားပါလိမ့်မယ်။ ဗလင်စီယာရဲ့လက်ရှိခြေစွမ်းက အားရစရာမရှိသလို ပုံမှန်မရှိတဲ့အနေအထားမို့ မာလာဂါတို့ အားထုတ်မှုကောင်းရင် အနိမ့်ဆုံးတစ်မှတ်ရသွားနိုင်တဲ့အခွင့်အရေးရှိနေပါတယ်။ ဗလင်စီယာတို့ဟာ မာလာဂါနဲ့နောက်ဆုံးသုံးပွဲဆုံတွေ့ခဲ့ရာမှာ တစ်ပွဲသာနိုင်ခဲ့ပြီး နှစ်ပွဲရှုံးထားတာမို့ အိမ်ရှင်တို့ အမှတ်ပြည့်ရဖို့မလွယ်ပါဘူး။ ။

## အာဂျင်တီးနားနဲ့ ဘရာဇီးခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ရဖွယ်ရှိနေ

ကမ္ဘာ့နာမည်ကြီးအသင်းတွေဖြစ်တဲ့ အာဂျင်တီးနားနဲ့ ဘရာဇီးအသင်းတွေဟာ ၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ရဖွယ်ရှိ နေပါတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန်ပြိုင်ပွဲမှာ အဖွင့်ပွဲတွင် အာဂျင်တီးနားနဲ့ ဘရာဇီးအသင်းတွေဟာ ပြိုင်ဘက်အသင်းတွေကို ရှုံးနိမ့်ခဲ့တာကြောင့် ရုရှားကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ရဖွယ်ရှိနေတယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန်မှာ အီကွေဒေါက နာမည်ကြီး အာဂျင်တီးနားကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ ထို့အတူ ဆန်ချက်ဇ်နဲ့ ဗစ်ဒဲလ်တို့ရဲ့ ဂိုးတွေနဲ့ ချီလီက ဘရာဇီးကို အနိုင်ယူသွားခဲ့ပါတယ်။ ချီလီအသင်းဟာ နွေရာသီက ကိုပါအအမေရိကဖလားကို ဆွတ်ခူးထားတဲ့ အသင်းဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာလည်း ကိုပါအမေရိကဖလား ဗိုလ်လုပွဲသုံးကြိမ်တက်ရောက်နိုင်ခဲ့ပေမယ့် ဖလားဆွတ်ခူးနိုင်စွမ်းမရှိခဲ့ပါဘူး။ တောင်အမေရိကဇုန်အသင်းများဟာ ခြေစွမ်းထက်လာတာမို့ အာဂျင်တီးနားနဲ့ ဘရာဇီးတို့သာ ကမ္ဘာ့ဖလားနဲ့ လွဲချော်ခဲ့မယ်ဆိုရင် ကမ္ဘာကျော်ကစားသမားတွေဟာလည်း ကမ္ဘာ့ဖလားနဲ့ဝေးဖို့ ရှိနေပါတယ်။



## ယူရိုအတွက် ရှုံးထွက်ကစားရဦးမယ့် ဆွီဒင်



နာမည်ကြီးကစားသမား အီဘရာဟီမိုဗစ်အနေနဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ အကောင်းဆုံးကစားခဲ့ပေမယ့် တိုက်ရိုက်ခြေစစ်ပွဲအောင်အသင်း မဖြစ်ခဲ့ပါဘူး။ Play-off လို့ခေါ်တဲ့ အကောင်းဆုံး တတိယအသင်းတွေ ရှုံးထွက်ခြေစစ်ပွဲကစားရဦးမှာ ဖြစ်ပါတယ်။ ဆွီဒင်အသင်းဟာ နောက်ဆုံးအုပ်စုခြေစစ်ပွဲမှာ မော်ဒိုဗာအသင်းကိုနှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ အီဘရာဟီမိုဗစ်ဟာ ယူရို ၂၀၁၆ အုပ်စု ခြေစစ်ပွဲတစ်လျှောက် ရှစ်ဂိုးသွင်းခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အုပ်စု (G) မှာ ဩစတြီးယားနဲ့ ရုရှားတို့က တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့တဲ့အတွက် ဆွီဒင်အသင်းအနေနဲ့ တတိယနေရာရပြီး Paly-off ရှုံးထွက်ကစားရဦးမှာဖြစ်ပါတယ်။

## ပြိုင်ပွဲအားလုံးအနိုင်ရယူပြီး ခြေစစ်ပွဲအောင်ခဲ့တဲ့ အင်္ဂလန်

ရွှိုင်းဟော့ဆင်ရဲ့ အင်္ဂလန်အသင်းဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ၁၀ ပွဲစလုံး အနိုင်ရပြီး ခြေစစ်ပွဲအောင်တဲ့အသင်း ဖြစ်ခဲ့ပါတယ်။ လာမယ့်နှစ် ပြင်သစ်မှာ ကစားမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ပြိုင်ပွဲအားလုံး အင်္ဂလန်က အနိုင်ရပြီး ခြေစစ်ပွဲအောင်အသင်းဖြစ်ခဲ့ပါတယ်။ ဒါဟာ ထူးခြားချက်တစ်ရပ်ဖြစ်ပါတယ်။ ရွှိုင်းဟော့ဆင်ရဲ့ အင်္ဂလန်အသင်းဟာ ရာနှုန်းပြည့်အနိုင်ရပြီး ခြေစစ်ပွဲအောင်ခဲ့တယ်လို့ဆိုပါတယ်။ ဘရာဇီးနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားမှာ အင်္ဂလန်အသင်းအနေဖြင့် အကောင်းဆုံး မကစားနိုင်ခဲ့ပေမယ့် အဲဒီပြိုင်ပွဲအပြီး အင်္ဂလန်အသင်းရဲ့ ခြေစွမ်းဟာ အတော်လေး ပြောင်းလဲလာခဲ့တာတွေ့ရပါတယ်။

ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲသို့ အင်္ဂလန်အသင်း တက်ရောက်ကစားနိုင်အောင် ကစားသမား ၃၃ ဦးက ပါဝင်ကစားပေးခဲ့တယ်လို့ ဆိုပါတယ်။ အင်္ဂလန်အသင်းဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ဆွစ်ဇာလန်ကို နှစ်ဂိုးပြတ်၊ ဆမ်မာရီနိုကို ငါးဂိုးပြတ်၊ အက်စ်တိုနီးယားကို တစ်ဂိုး- ဂိုးမရှိ၊ ဆလိုဗေးနီးယားကို သုံးဂိုး-တစ်ဂိုး၊ လစ်သူယေးနီးယားကို လေးဂိုးပြတ်၊ ဆလိုဗေးနီးယားကို သုံးဂိုး-နှစ်ဂိုး၊ ဒုတိယအကျော့မှာ ဆမ်မာရီနိုကို ခြောက်ဂိုးပြတ်၊ ဆွစ်ဇာလန်ကို နှစ်ဂိုးပြတ်၊ အက်စ်တိုနီးယားကို နှစ်ဂိုးပြတ်၊ လစ်သူယေးနီးယားကို သုံးဂိုးပြတ် အသီးသီးအနိုင်ရရှိခဲ့ပါတယ်။

Mingalar Cinemas — www.facebook.com/mingalarcinemas — Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ

၁၆၊ ၁၀၊ ၂၀၁၅ ရက်မှ စတင်၍တစ်ပြိုင်တည်းပြပြီ။

မြမီ




Mingalar Cinemas — www.facebook.com/mingalarcinemas — Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၃၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅၅ ၀၉၂၆၁၃၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ / မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ |

**မဟာဆန်တဲ့ မယာမျက်နှာဖုံး**
ရန်ကုန် - သမ္မတ ၊ သွင် ၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ
TOP ROYAL(ပါရမီ-စိန်ဂေဟာ)
မန္တလေး - ဝင်းလိုက် ၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

**MAZE RUNNER THE SCORCH TRAILS (3D)**
ရန်ကုန် - ရွှေဆောင်(၁)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

**မင်္ဂလာလှည်း**
မင်္ဂလာဝဇီရာ(လှိုင်သာယာ)

**THE MARTIAN (3D)**
ရန်ကုန်
နေပြည်တော်(၁)
မင်္ဂလာ(၂)ဒဂုံစင်တာ(၂)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း

**SICARIO**
ရန်ကုန် - နေပြည်တော်(၂)
မန္တလေး - မြို့မ (နံနက် ၁၀း၀၀ နာရီ)

**EVEREST (3D)**
ရန်ကုန် - နေပြည်တော်(၃)
ပြည် - မင်္ဂလာထွန်းသီရိ

**HEART ATTACK**
ရန်ကုန် - ရွှေဆောင်(၂)
မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း

၁၆ . ၁၀ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတ်ပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ




HND HIGHER NATIONAL DIPLOMA | umg college | edexcel Approved Centre No 93851

တက္ကသိုလ်ဝင်တန်း၊ IGCSE O-Level အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ် ပထမ နှစ်ကျောင်းသားများသည် Foundation Course မှ စတင်တက်ရောက်နိုင်ပြီး AGTI, B.Tech နှင့် အခြားဘွဲ့ရများသည် ပထမနှစ်မှ စတင်တက်ရောက်နိုင်ပါသည်။

**ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ဝါရင့်ဆရာကြီးများသင်ကြားသော**

**UMG COLLEGE မှ ဖွင့်လှစ်မည့် HND (UK) သင်တန်းများ**

နိုင်ငံခြား ဘွဲ့ရဆရာကြီးများ ကိုယ်တိုင် သင်ကြားပြီး HND ပြီးဆုံးလျှင် လုပ်ငန်းခွင် လက်တွေ့ internship training ပြုလုပ်ပေးပါသည်။

Volvo, Hitachi, Furukawa နှင့် Kawasaki စသည့် International ကုမ္ပဏီကြီးများ၏ Authorized Dealer ဖြစ်ပြီး UK နိုင်ငံရှိ edexcel ပညာရေးအဖွဲ့ကြီးနှင့် ပူးပေါင်းဖွင့်လှစ်သည်။

www.facebook.com/umgcollege

- Business Management
- Information Technology
- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering

UK, Australia, Singapore အစရှိသော နိုင်ငံတကာ တက္ကသိုလ်များတွင် Top-up Course များကို ဆက်လက်တက်ရောက်နိုင်ပြီး B.A (Hons) (သို့) B.Sc (Hons) ဘွဲ့ကို ရယူနိုင်မည်။

website : www.umgcollege.com



UMG College
ယခင်သီရိမင်္ဂလာဈေး၊ ပထမထပ် (ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - 09 4200 95798, 09 73036488, 09 8631823, 01 215678~9, 01-2301580~1 (Ext 216, 219)

"မီကို မှအစဉ်တစိုက်ဝယ်ယူအားပေးကြသောမိတ်ဆွေများသိစေရန်"

မီကို မှထုတ်လုပ်သော T-Shirt = 650 ks

APLUS SHIRT, MH SHIRT, T-SHIRT, POLO SHIRT နှင့် ဘောင်းဘီ

အထည်များကိုမြန်မာတစ်နိုင်ငံလုံးသို့ဖြန့်ဖြူးလျက်ရှိနေပါသည်။ ယခုအခါ မီကိုနာမည်ကို အလွဲသုံးစားပြုပြီး မသမာသူများမှ အထည်များရောင်းချနေသည်ကို တွေ့ရှိနေရပါသောကြောင့်

**မီကို အစစ်မှန်ကိုခွဲခြားသိရှိရန်**

အောက်ပါတာဝန်ခံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေါ်ထက်ထက်လှိုင် (Distribution Manager) - 09 788817862

FAME **Neurodopa®**
Natural dopamine supplement
ကိုယ်စိတ်သန်စွမ်းဆေး
TMR 010851 (0117)
၂/၂၀၁၅ တဆတလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **SawPalmetto**
5α-reductase inhibitor
ဆီးကျိတ်ရောဂါဆေး
TMR 007343 (1216)
၂/၂၀၁၅ တဆတလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ခ/၄၁၃၅ မောင်မြန်မာစူပါဂျစ် ယာဉ်လက်ဝယ်ရှိသူ ဦးထန်ဒါလ်းမုန် ၄/တတန(နိုင်)၀၃၆၂၀၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၂၃၉၈၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မွန် ၁၀/ရမန(နိုင်)၂၀၄၃၁၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**


အင်တာနက်အစီအစဉ်အသစ်များနဲ့
အလျှင်မြန်ဆုံးအင်တာနက်ကိုရယူစို့
မြန်မာနိုင်ငံရဲ့အကောင်းဆုံး 3G ကွန်ရက်ပေါ်မှာ သူငယ်ချင်းများနဲ့ စကားပြောဆိုခြင်း၊
သီချင်းနားထောင်ခြင်း၊ ဂိမ်းကစားခြင်းနဲ့ ရုပ်ရှင်ကြည့်ခြင်းတို့ ပြုလုပ်နိုင်ပါပြီ။
ပိုမိုသက်သာတဲ့ ဈေးနှုန်းအသစ်များနဲ့ အူရီဒူးရဲ့နေ့စဉ်သုံးနဲ့ လစဉ်သုံးအင်တာနက်အစီအစဉ်
များထဲမှ မိတ်ဆွေနဲ့အသင့်တော်ဆုံး အစီအစဉ်ကို ရွေးချယ်နိုင်ပါပြီ။
ooredoo
နေ့စဉ်သုံး
70MB
၃၉၀ ကျပ်
*5001# သို့ ခေါ်ဆိုပါ
လစဉ်သုံး
550MB
၂,၈၀၀ ကျပ်
*5002# သို့ ခေါ်ဆိုပါ
လစဉ်သုံး
1.35GB
၆,၅၀၀ ကျပ်
*5003# သို့ ခေါ်ဆိုပါ
လစဉ်သုံး
2.5GB
၁၁,၅၀၀ ကျပ်
*5004# သို့ ခေါ်ဆိုပါ
လစဉ်သုံး
5.5GB
၂၅,၀၀၀ ကျပ်
*5005# သို့ ခေါ်ဆိုပါ
Viber
စည်းမျဉ်းစည်းကမ်းများအတိုင်းသာ။
အသေးစိတ်ကို ooredoo.com.mm မှာဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းမည့်ရက် | တင်ဒါပိတ်ရက်၊အချိန် |
|---|---|---|---|---|
| (က) | 3-3(T)/MESC/2015-2016 | 66/33kv နှင့် 33/11kv Transformer (8)Nos | ၁၂-၁၀-၂၀၁၅ | ၂၃-၁၀-၂၀၁၅ ၁၃း၀၀ နာရီ |
| (ခ) | 3-4(T)/MESC/2015-2016 | Cable & Accessories(1)Lot | ၁၂-၁၀-၂၀၁၅ | ၃၀-၁၀-၂၀၁၅ ၁၃း၀၀ နာရီ |
| (ဂ) | 3-5(T)/MESC/2015-2016 | Switch Gear & Sub-Station Equipment (1)Lot | ၁၂-၁၀-၂၀၁၅ | ၃၀-၁၀-၂၀၁၅ ၁၃း၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇ လမ်း၊ ၂၆-၂၇ ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

## ပညာရေးဝန်ကြီးဌာန
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ၂၀၁၅-၂၀၁၆ ပညာသင်နှစ် BAct, BPA, BDevS, BPS ပထမနှစ်သင်တန်းများ
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)တွင် အောက်ဖော်ပြပါ သင်တန်းများအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (က) | Bachelor of Accounting | BAct | (၄) နှစ် | (၅၀) ဦး | အချိန်ပြည့် |
| (ခ) | Bachelor of Public Administration | BPA | (၄) နှစ် | (၅၀) ဦး | အချိန်ပြည့် |
| (ဂ) | Bachelor of Development Studies | BDevS | (၄) နှစ် | (၅၀) ဦး | အချိန်ပြည့် |
| (ဃ) | Bachelor of Population Studies | BPS | (၄) နှစ် | (၅၀) ဦး | အချိန်ပြည့် |

၂။ အဆိုပါသင်တန်းများအတွက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူများသာ လျှောက်ထားနိုင်သည်။ စုစုပေါင်းရမှတ်(၄၅၀)နှင့်အထက် ရရှိသူများဖြစ်ရမည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် သတ်မှတ်လျှောက်လွှာပုံစံအား လာရောက်ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ **သင်တန်းဖွင့်လှစ်မည့်ရက်** - ဒီဇင်ဘာလ (ပထမပတ်) ၂၀၁၅

၄။ **လျှောက်လွှာရယူတင်သွင်းရမည့်နေရာ** - ကျောင်းသားရေးရာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)

၅။ **လျှောက်လွှာပေးမည့်ရက်** - ၂၉-၉-၂၀၁၅ ရက်မှ ၃၀-၁၀-၂၀၁၅ ရက်

၆။ **လျှောက်လွှာလက်ခံမည့်ရက်** - ၂၉-၉-၂၀၁၅ ရက်မှ ၃၀-၁၀-၂၀၁၅ ရက်

၇။ **ဝင်ခွင့်ရရှိသူများစာရင်းကြေညာမည့်ရက်** - ၁၉-၁၁-၂၀၁၅ ရက် (လျာထား)

၈။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်-
- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။
- (ဂ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-
  - (၁) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိသော ရမှတ်စာရင်း(မူရင်း)
  - (၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
  - (၃) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ကျေးရွာ/ရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်များ(မူရင်း)
  - (၄) လိုင်စင်ဓာတ်ပုံ (၂)ပုံ

၉။ ဝင်ခွင့်ရရှိသူများစာရင်းကို ၁၉-၁၁-၂၀၁၅ရက်တွင် အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ(သထုံလမ်း)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက်အပ်နှံသည့်အခါ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများကို မပျက်မကွက်(မပျက်မကွက်)ယူဆောင်လာရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၂၄၁၀၀၇၊ ၀၉-၈၆၂၈၈၄၁၊ ၀၁-၅၁၂၆၃၃၊ ၀၁-၅၁၀၂၁၃၊ ၀၁-၅၁၃၅၇၆၊ ၀၁-၅၃၆၄၃၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### ဖခင်အမည်မှန်
ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းရွာ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မခိုင်မွန်ထူး၏ ဖခင်အမည်မှန်မှာ ဦးညွန့်မောင် ၉/သစန(နိုင်)၀၄၆၈၁၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းရွာ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဇော်ထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးတင့် ၉/ပဘန(နိုင်)၁၀၅၁၆၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း အခန်း(A)မှ မမြတ်နိုးခေါင်၏ ဖခင်အမည်မှန်မှာ ဦးတင်စိုးဦး ၆/သရန(နိုင်)၀၂၆၈၀၀ ဖြစ်ပါကြောင်း။
**မမြတ်နိုးခေါင် ၁၃/မဆတ(နိုင်)၀၆၈၀၂၄**

### ဖခင်အမည်မှန်
မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း အခန်း(A)မှ မောင်အောင်ပန်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယိုင် ၁၃/မဆတ(နိုင်)၀၂၁၁၅၀ ဖြစ်ပါကြောင်း။
**မောင်အောင်ပန်း ၁၃/မဆတ(နိုင်)၀၆၄၈၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကို့ဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့်၅)
### ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံး၌
### ၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၂၂၈

ဒေါ်သန်းစိန် ပါ-၅ **နှင့်** ဦးချစ်စိန်
(တရားလိုများ၏
အခွင့်ရကိုယ်စားလှယ် ဦးသန်းနိုင်)
**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် ၂၁၀ (ပထမထပ်)နေ ဦးချစ်စိန် သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မြွက်ဟကြေညာ၍ လက်ရောက်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မန်ဟောက်ရှန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း အထူးပြင်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် သံတွဲ-လုံးသာလမ်းအတွက် လိုအပ်သော လမ်းလုပ်ငန်းသုံးပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို သံတွဲခရိုင်၊ ငပလီမြို့ရှိ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ စီမံကိန်းရှင်းလင်းဆောင်တွင် ၁၅-၁၀-၂၀၁၅ ရက်မှစတင်၍ စုံစမ်းဝယ်ယူနိုင်ပါသည်။
- (က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၅-၁၀-၂၀၁၅ ရက် ၁၆း၃၀ နာရီ
- (ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၆-၁၀-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ
- (ဂ) **တင်ဒါဖွင့်မည့်နေရာ** - စီမံကိန်းရှင်းလင်းဆောင် (ငပလီဂေါက်ကွင်းအနီး)အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ငပလီမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၄၈၀၀၁၀၁၆**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လျှပ်စစ်လုပ်ငန်းဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-
- (က) e-volting System ဆိုင်ရာ Spare ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း
- (ခ) Audio System အတွက် Spare ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၄-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၅ ရက် ၁၅း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၀-၁၁-၂၀၁၅ ရက် ၁၃း၀၀ နာရီ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆**

# မြွေမျိုးစုံ ဝယ်ယူလိုသည်

ဆေးဝါးစက်ရုံ(အင်းစိန်)တွင် တည်ဆောက်လျက်ရှိသည့် (Snake Farm)တွင် ပြသနိုင်ရန်အတွက် အောက်ဖော်ပြပါ "မြွေအရှင်"များကို ညှိနှိုင်းဈေးဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၁။ | စပါးကြီးမြွေ | (၁) ကောင် |
| ၂။ | စပါးအုံးမြွေ | (၃) ကောင် |
| ၃။ | ငန်းတော်ကျား | (၆) ကောင် |
| ၄။ | သံကွင်းစွပ် | (၆) ကောင် |
| ၅။ | ငန်းစောင်း | (၆) ကောင် |
| ၆။ | လင်းမြွေ | (၆) ကောင် |
| ၇။ | ရက်ကန်းကြိုးရောင်စုံ (စိမ်း၊ ဝါ၊ ဖြူ၊ အညို) | (၃၀) ကောင် |
| ၈။ | မြွေစိမ်းမြီးခြောက် | (၆) ကောင် |

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)**
**ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၄၆၂၈၃၊ ၀၁-၆၄၆၂၇၁**

# အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးမြင့်အောင် ၁၂/မဂတ(နိုင်)၀၆၇၉၆၃ နှင့် ဒေါ်ဖြူနှင်းဆွေ (MGDN-၀၇၅၆၃၉) ၁၂/မဂဒ(နိုင်)၀၇၅၆၃၅ တို့သည် ၂၀၁၁ ခုနှစ်ကပင် တရားဝင်ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ ၃ နှစ်အရွယ် သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်ဖြူနှင်းဆွေသည် ၅-၁၀-၂၀၁၅ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဦးမိုးမြင့်အောင်မရှိသည့်အချိန် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ရွှေ၊ ငွေ လက်ဝတ်လက်စားများအား ယူဆောင်ပြီး ထွက်သွားသည်မှာ ယနေ့တိုင် မည်သည့်အဆက်အသွယ်မျှရရှိခြင်းမရှိပါ။ တွေ့ရှိသူများ အကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင်လက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးမြင့်အောင် ၁၂/မဂဒ(နိုင်)၀၆၇၉၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဒေါ်မိုးမိုးအေး)** **(ဒေါ်စုလှိုင်ထွေး)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ် ၅၆၃၊ အခန်းအမှတ် (၂၀၃)၊ MAC Tower၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၃၁၅၅၉၁၀၈၊ ၀၉-၄၂၀၂၉၇၁၀**

# အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၂၀-ခ/၁)၊ ဦးပိုင်အမှတ် (၉/၃)၊ ဒေါ်စီနာမာယာနှင့် မောင်မိတ္တရားဇဟာဒူး မြေခွန်ပြေစာအမည်ပေါက် မြေကွက်မှာ ကျွန်တော် ကေရ်ဆင်ချတ္တရီးနှင့် ဇနီး ဒေါ်ဟာရီမာယာတို့ ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်အား ကျွန်တော်၏ဇနီးမှ ကျွန်တော့်အား တစ်စုံတစ်ရာ အသိပေးသဘောတူညီချက်ရယူခြင်းမရှိဘဲ ၂၀၀၅-၂၀၀၆ ခုနှစ်ကပင် အရပ်စာချုပ်ချုပ်ဆို၍ ချွေးမဖြစ်သူ ဒေါ်ကစ္စနားမာယာအား အမွေစားအမွေခံဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

အဆိုပါပေးအပ်ခြင်းကို ဒေါ်ကစ္စနားမာယာမှ ၂၀၁၅ ခုနှစ်တွင် အထက်ပါ မြေကွက်မှ မြေအချို့အား ပိုင်းစိတ်ရောင်းချသည့်အချိန်မှ သိရှိရပါသည်။

ထို့ကြောင့် အဆိုပါပေးကမ်းမှုကို ကျွန်တော်မှ သဘောတူညီမှုမရှိသဖြင့် ယနေ့ကြေညာသည့်ရက်မှစ၍ အဆိုပါပေးကမ်းခြင်းကို ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကေရ်ဆင်ချတ္တရီး ၁/မကန(နိုင်)၀၈၁၇၈၇**
**အမှတ်(၁၄၄/၉၇)၊ နယ်မြေ(၁၄)၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၂)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ခန့်လင်းသန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းဦး ဖြစ်ပါကြောင်း။
**ဦးသန်းထွန်းဦး ၉/မထလ(နိုင်)၀၀၄၉၅၂**

### ဖခင်အမည်မှန်
နေပြည်တော်၊ တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း($S_4$)မှ မောင်သူရိန်မိုး၏ဖခင် ဦးမိုးခိုင်၏အမည်မှန်မှာ ဦးမင်းခိုင် ၉/တကန(နိုင်)၀၀၂၂၇၄ ဖြစ်ပါကြောင်း။
**ဦးမင်းခိုင်**

### ဖခင်အမည်မှန်
နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ အထက(ခွဲ) ရှားတော တက္ကသိုလ်ဝင်တန်း(B)မှ မယုဇင်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၉/တကန(နိုင်)၁၁၅၂၅၆ ဖြစ်ပါသည်။
**ဦးဇော်ဝင်းနိုင်**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အထက(၄) တက္ကသိုလ်ဝင်တန်း(E) မှ မတင်ဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဘို ၉/မထလ(နိုင်)၁၄၁၄၁၃ ဖြစ်ပါကြောင်း။
**ဦးဝင်းဘို ၉/မထလ(နိုင်)၁၄၁၄၁၃**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာမြို့နယ်၊ ကွက်ငယ် အထက(ခွဲ)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မသန္တာဆွေ၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ(ခ)ဦးကျော်ဆွေ ဖြစ်ပါကြောင်း။
**ဦးကျော်ရွှေ(ခ)ဦးကျော်ဆွေ ၉/မထလ(နိုင်)၀၅၈၀၆၀**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အထက(၂)ကျောင်း တက္ကသိုလ်ဝင်တန်း(C) မှ မအေးမြတ်ခိုင်နှင့် နဝမတန်း(C)မှ မောင်နော်ထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်ဝင်း ဖြစ်ပါကြောင်း။
**ဦးအောင်ကြည်ဝင်း ၉/မထလ(နိုင်)၂၂၃၆၆၇**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မအေးအေးငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးကျော်(ခ)ဦးကျော် ၅/ရဥန(နိုင်) ၀၁၇၂၀၉ ဖြစ်ပါသည်။
**ဦးဖိုးကျော်(ခ)ဦးကျော်**

### ဖခင်အမည်မှန်
အထက(တနိုင်း) နဝမတန်း(B)မှ မောင်ပီတာဘီးနေလင်း၏ ဖခင်အမည်မှန်မှာ ဦးလျှန်ထွန်း ၁/တနန(နိုင်) ၀၀၉၂၃၀ ဖြစ်ပါသည်။

### မိဘအမည်မှန်
မြစ်ကြီးနားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း($A_1$)မှ မောင်သန့်စင်အောင်၏ မိဘအမည်မှန်မှာ ဦးခင်ဖေ ၁/ပတအ(နိုင်) ၀၂၆၉၀၀ နှင့် ဒေါ်အားချာဆဲ ၁/ပတအ(နိုင်)၀၁၈၁၇၄ ဖြစ်ပါသည်။

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်
မြစ်ကြီးနားမြို့၊ အထက(ခွဲ) ရွှေစက် တက္ကသိုလ်ဝင်တန်း(B)မှ (ဘ) ဦးအင်ခွမ်တန်၏သမီး မခွမ်ဂျာ၏ အမည်မှန်မှာ မခေါန်ဂျာဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၅-၁၁-၉၈ ဖြစ်ပါသည်။

### အမည်မှန်
ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၃) သစ်ထုတ်ရေး(တောင်)ဝင်းနေ ဦးကြည်အေး၏သမီး ဒေါ်ခိုင် ၉/ပမန(နိုင်) ၁၄၂၇၁၃၏ အမည်မှန်မှာ ဒေါ်အေးအေးခိုင် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉) တက္ကသိုလ်ဝင်တန်း(B)မှ မသန်းသန်းစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကို ဖြစ်ပါကြောင်း။
**ဦးမြင့်ကို ၉/ပမန(နိုင်)၁၀၁၃၂၆**

## ပျောက်ဆုံးကြောင်း
တိမ်လွှာချမ်းအေး ကုမ္ပဏီလီမိတက် ပိုင် ထုတ်သွင်းလိုင်စင်နံပါတ် ILV 13-14 (11-10-13) ID No.158430 (13-11-13) စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂ ဆက်သွယ်ပါရန်။

**သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုင်းကမ္ဘောဇဘဏ် အရှင်စေမာသီရိလက်ခံ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၄/၁၅/၁၆/၁၇/၁၈/၁၉)၏ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

၁၉၆၈ခုနှစ်မှ ၁၉၇၇ခုနှစ်အတွင်း စစ်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၄/၁၅/၁၆/၁၇/၁၈/၁၉)တို့မှ ကျောင်းဆင်းအရာရှိများက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ၌ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကန်တော့မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှလာရောက်မည့် ဆရာကြီး ဆရာမကြီးအနေဖြင့် အောက်ပါ ကြိုဆိုဧည့်ခံရေး ဆပ်ကော်မတီသို့ ကြိုတင်ဆက်သွယ်ပေးပါရန် ပန်ကြားအပ်ပါသည်။

ငွေထွန်း ဖုန်း-၀၉-၅၅၀၀၃၂၊ အေးသော် ဖုန်း-၀၉-၄၃၀၇၉၅၉၆
သန်းမြင့် ဖုန်း-၀၉-၅၁၄၈၁၂၂၊ အောင်ဖြိုး ဖုန်း-၀၉-၅၁၃၅၃၁၈
သန်းမင်း ဖုန်း-၀၉-၅၅၀၅၃၇၃၊ သိန်းအောင် ဖုန်း-၀၉-၈၆၀၀၅၃၃
သယ်ယူပို့ဆောင်ရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ကော့ကရိတ်မြို့၊ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်းမှ မတန်ခူးမေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်းဖြစ်ပါကြောင်း အတိအလင်းကြေညာအပ်ပါသည်။
ဦးဝင်းထွန်း ၅/ကသန(နိုင်)၀၅၆၈၂၆

## ဖခင်အမည်မှန်

တောင်ငူမြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(H)မှ နန်းမစိုး၏ ဖခင်အမည်မှန်မှာ ခွန်မောင်ကျော ၁၃/ဆဆန(နိုင်)၀၆၆၄၆၇ ဖြစ်ပါကြောင်း။
ဖခင်-ခွန်မောင်ကျော

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(I)မှ မနှင်းနုညီ၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၅/ကလဝ(နိုင်)၀၂၁၀၅၆ ဖြစ်ပါကြောင်း။
ဦးသန်းလွင် ၅/ကလဝ(နိုင်)၀၂၁၀၅၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဟိန်းထွန်း ၁၃/တကန(နိုင်)၁၁၂၁၁၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၃၃၄၇၁၅

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အီယုန် ၁၃/မပတ(နိုင်) ၀၁၂၄၀၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၁၀၀၈၂၉၇

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက တောင်နီ တက္ကသိုလ်ဝင်တန်း(က)မှ နန်းနီနီ၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်သန်း ၁၃/ဟပန(နိုင်)၀၂၇၆၂ ဖြစ်ပါကြောင်း။
ဦးခွန်မောင်သန်း

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ် အထက တောင်နီ တက္ကသိုလ်ဝင်တန်း(က)မှ မအေးချမ်းပြည့်၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်နိုင် ၁၃/တကန(နိုင်)၀၃၂၅၄၄ ဖြစ်ပါကြောင်း။
ဦးမောင်မောင်နိုင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှားမြို့နယ်၊ ရေချမ်းပြင်ကျေးရွာနေ ဦးမြင့်ရွှေ-ဒေါ်မြင့်စိန်တို့၏သား ရေဦး အထက တက္ကသိုလ်ဝင်တန်း(က၊ ဘောဂတွဲ)မှ မောင်ဇော်ဇော် ၁၃/ရငန(နိုင်) ၀၆၇၄၀၄ နှင့် မောင်အောင်ကျော်ကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဒုတိယရဲအုပ်လောင်း(အထူး) ၂/၈၇ သင်တန်းဆင်းအရာရှိများ တွေ့ဆုံပွဲဖိတ်ကြားခြင်း

(၂၈)ကြိမ်မြောက်အထိမ်းအမှတ် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်၍ မပျက်မကွက် လာရောက်ကြပါရန် ဖိတ်ကြားပါသည်-

**ရက်/နေ့** - ၂၄-၁၀-၂၀၁၅ ရက် (စနေနေ့)
**နေရာ** - ရွှေမန်းကျောင်းတိုက်၊ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်ဝင်း (သွေးဆေးကန်၊ မင်္ဂလာဗျူဟာအနီး) အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
**အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၂ နာရီထိ
**အစီအစဉ်** - သံဃာတော်များအား သင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်၊ ကပ်လှူခြင်း
**ဆက်သွယ်ရန်** -
ဦးသန်းငွေ ဖုန်း-၀၁-၉၆၉၀၆၁၄၊ ၀၉-၂၅၈၅၆၁၂၅၃
ဦးတင်မောင်သိန်း ဖုန်း-၀၉-၃၁၃၁၃၃၉၀၇၇
ဦးစိုးဝင်း ဖုန်း-၀၉-၂၅၀၀၆၀၀၄၇

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် (အရှင်ပုညာနန္ဒ) (၆)နှစ်ပြည့်မြောက် အထူးပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်(၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ နှစ်စဉ်ဝါတွင်းရက် (၁၀၀) တရားစခန်းပွဲကြီးအောင်ပွဲနှင့် အတူ ကျောင်းတိုက်ကြီးကို စတင်တည်ထောင်သွားတော်မူသော ကျေးဇူးရှင်ဆရာတော် (အရှင်ပုညာနန္ဒ) (၆)နှစ်ပြည့်ရည်မှန်းပူဇော်ကျေးဇူးဆပ် ကုသိုလ်တော်နှင့် ခမည်းတော်ကြီးဘုန်းဘုန်းကြီး ဘဒ္ဒန္တဝိစာရသိက္ခာထပ်ဆင့်ကုသိုလ်တော်များဖြင့် ၂၂-၁၀-၂၀၁၅ ရက်တွင် ဆရာတော်အား ရည်မှန်းပူဇော်သွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်သာဝကသူတော်စင်ယောဂီများနှင့် ဆွေမျိုးများ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ရိုသေစွာ ဖိတ်ကြားအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါလျှင်-**

**ဖုန်း-၀၁-၅၅၃၃၃၀၊ ၀၁-၅၅၁၁၇၂၊ ၀၉-၅၀၁၃၂၉၇၊ ၀၉-၈၆၁၁၇၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊သရက်တောကျောင်းတိုက်၊ ဓမ္မာရုံ ကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ၁။ ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ အခန်းတံခါး | ၂သိန်း |
| ၃။ ရေချိုးခန်း | ၃သိန်း |
| ၄။ ကုဋီတစ်ခန်း | ၅သိန်း |
| ၅။ အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၆။ သံကူကွန်ကရစ် လှေကားတစ်စုံ | ၉သိန်း |
| ၇။ သံဃာနှစ်ပါးနေ တစ်ခန်း | ၁၀သိန်း |
| ၈။ ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၉။ သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၀။ မုခ်ဦး | ၃၀သိန်း |
| ၁၁။ ဘုရားခန်း | ၅၀သိန်း |
| ၁၂။ စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၃။ ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၄။ ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၅။ ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၆။ စာချဆရာတော်များနေ တစ်ခန်း | ၂၅သိန်း |
| ၁၇။ စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၈။ သံဃာတစ်ပါးနေရန် တစ်နေရာ | ၅သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆

ဦးတေဇိန္ဒ - ကမ္ဘောဇဘဏ်၊ ဗဟိုစည်းလမ်းမတော်
(Account No.061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account no.021-31-501798-9) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် အိန္ဒိယနိုင်ငံဗုဒ္ဓဂယာသို့ သာသနာပြုခရီးကြွတော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မိုးကုတ်ဝိပဿနာရိပ်သာအဖွဲ့ခွဲ(၇၇) တောရတပ်ဦးကျောင်းတိုက်၏ ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ဘွဲ့တံဆိပ်တော်ရ ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော်ထေရ်ရှင်မြတ်သည် တပည့်ဒါယကာ ဒါယိကာမ (၁၈၇)ဦးလိုက်ပါ၍ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်ခြေရင်းနှင့် မဟာအောင်မြေကျောင်းတိုက်တွင် ၁၁-၁၀-၂၀၁၅ ရက်မှ ၁၇-၁၀-၂၀၁၅ ရက်အထိ ခုနစ်ရက် တရားစခန်းတွင် ပဋ္ဌိစ္စသမုပ္ပါဒ်ဝိပဿနာတရားတော်များကို ဟောကြားပြသတော်မူပြီး ၁၈-၁၀-၂၀၁၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွချီတော်မူမည်ဖြစ်ကြောင်းကို နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)
အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်
ဖုန်း-၀၁-၆၄၅၇၉၇

## အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁) ကျောင်းတော်ကြီး၏ နှစ်(၃၀)ပြည့် ပုလဲရတုသက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲအား ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကညွတ်ကွင်းမြို့ အထက(၁) မြရတနာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ သိရှိစေရန်နှင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ ကညွတ်ကွင်းမြို့

## စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၆၉-၁၉၇၀ ခုနှစ် စတင်ဝင်ရောက်သူများ(မည်သည့်ခုနှစ်ဘွဲ့ရမဆို) ဆဋ္ဌမအကြိမ် ကထိန်အလှူတော် မင်္ဂလာနှင့်မိတ်ဆုံစားပွဲ၊ ဆရာကန်တော့ပွဲတက်ရောက်ရန် ဖိတ်ကြားခြင်း

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)သို့ ၁၉၆၉ခုနှစ်နှင့် ၁၉၇၀ခုနှစ်တွင် စတင်တက်ရောက်ခဲ့သော သူငယ်ချင်းများစုပေါင်း၍ ဆဋ္ဌမအကြိမ် ကထိန်အလှူတော်မင်္ဂလာကို ညောင်တုန်းမြို့ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် ၁၅-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မိတ်ဆုံစားပွဲကို ၂၆-၁၂-၂၀၁၅ ရက်တွင်လည်းကောင်း၊ ၂၇-၁၂-၂၀၁၅ရက်တွင် ဒုတိယအကြိမ် ဆရာကန်တော့ပွဲကိုလည်းကောင်း ပြုလုပ်ရန် စီစဉ်ထားပါသည်။ ၂၅-၁၀-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ဦးမြိုင်ရုံးခန်း၌ အစည်းအဝေး ပြုလုပ်မည်ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်နိုင်ရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဒေါက်တာလေးကြည် ဖုန်း-၀၉-၅၅၀၆၉၁၉၊ ဦးခင်မောင်ဦး ဖုန်း-၀၉-၇၃၅၀၆၀၀၃၊ ဒေါ်နွယ်နွယ်ကြည် ဖုန်း-၀၉-၅၁၅၃၆၉၅၊ ဒေါ်ခင်လေးတင့် ဖုန်း-၀၉-၅၅၀၅၆၂၆၊ ဦးချစ်ဦး ဖုန်း-၀၉-၉၇၂၈၅၆၈၇၅၊ ဒေါ်နွဲ့နွဲ့ဝင်း ဖုန်း-၀၉-၅၄၇၃၁၇၊ ဦးဝင်းတည် ဖုန်း-၀၉-၈၇၀၂၄၁၁၊ ဦးမြိုင် ဖုန်း-၀၉-၅၁၈၄၉၄၉၊ ဦးကြည်စိုး ဖုန်း-၀၉-၄၂၁၀၆၃၁၈၂၊ ဒေါ်စမ်းစမ်းလှိုင် ဖုန်း-၀၉-၅၁၅၂၇၆၅

၁၅-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် မြေနီကုန်း ဦးမြိုင်ရုံးခန်းသို့ ကထိန်အလှူတော်မင်္ဂလာ(ညောင်တုန်း)သို့ လိုက်ပါလိုသူများ အချိန်မီကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

## ဖခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ် အလက(၂)၊ သတ္တမတန်းမှ မနှင်းနှင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ ရင်းငြိမ် အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ ကျောင်းဝင်အမှတ်(၂၁၅/၁၄)ဖြစ်သူ မောင်ဆန်းသူအောင် ၏ဖခင်အမည်မှန်မှာ ဦးကူမားလူး ဖြစ်ပါကြောင်း။
ဦးကူမားလူး ၁၀/ပမန(နိုင်)၁၄၁၉၅၂

# အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များ ဒေသစာရီစတင်ကြွချီပူဇော်ခံ



**ညောင်ရွှေ အောက်တိုဘာ ၁၄**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် အင်းလေးဒေသ ၂၁ ဌာနသို့ဒေသစာရီကြွချီပူဇော်ခံရန်အတွက် အောက်တိုဘာ ၁၄ ရက်က ထာဝရသီတင်းသုံးရာ နမ့်ဟူးရွာရှိ ရတနာစံကျောင်းတော်မှ ကျေးပေါခုံကျေးရွာသို့ စတင်ကြွချီပူဇော်ခံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေသစာရီကြွချီပူဇော်ခံရန်အတွက် ရတနာစံကျောင်းပလ္လင်မှ ရွှေဝေါယာဉ်တော်ဖြင့် ခေတ္တယာယီသီတင်းသုံးတော်မူမည့် ရတနာစံကျောင်းတော်သို့ အစဉ်အလာနှင့်အညီ တာဝန်ရှိသူများက ပင့်ဆောင်ခဲ့သည်။ ထို့နောက် မင်္ဂလာ အချိန် နံနက် ၇ နာရီတွင် ရွှေကရဝိက်ဖောင်တော်ယာဉ်ဖြင့် ကျေးပေါခုံစံကျောင်းသို့ စတင်ကြွချီပူဇော်ခံရာ ဒေသခံတိုင်းရင်းသားများက ရိုးရာဆွဲလှေကြီးများဖြင့် လှော်ခတ်ပင့်ဆောင်ပူဇော်ခဲ့ကြသည်။ ဒေသစာရီကြွချီပူဇော်ခံပွဲသို့ တာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**နေမျိုးသူရိန်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၄**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် လွှတ်တော် Channel တို့မှ နံနက် ၈ နာရီခွဲမှစတင်၍ တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယူရို ၂၀၁၆ ခြေစစ်ပွဲ ဘယ်လ်ဂျီယံတို့ အိမ်ကွင်း၌ အစ္စရေးကို ဂိုးပြတ်အနိုင်ယူ



ယူရို ၂၀၁၆ ခြေစစ်ပွဲ နောက်ဆုံးအုပ်စုများဖြစ်သည့် အုပ်စု (A)၊ အုပ်စု(B)၊ အုပ်စု (H) ပွဲစဉ်များကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့ကြသည်။ အုပ်စု(B) မှ ဘယ်လ်ဂျီယံနှင့် အစ္စရေးတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်လ်ဂျီယံက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဥရောပကစားသမား အများအပြားရှိသည့် ဘယ်လ်ဂျီယံအသင်းသည် ၄-၅-၁ကစားကွက်ဖြင့် ပွဲထွက်လာပြီး လူကာကူကို အထောင်ထားခဲ့သည်။ ဧည့်သည်အစ္စရေးအသင်းမှာ ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၆၄

*စာမျက်နှာ ၁၄ ကော်လံ ၁* ◆




မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS